မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်၊ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီ ၂၆ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၄၉)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

✳ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ နိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

✳ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သောင်္ဃသမအစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သောင်္ဃသမအစည်းအဝေး ဒုတိယနေ့ကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(တတိယအဖွဲ့ခွဲ)၏ ဆောင်ရွက်ချက်များအနက် ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသူရဇေက လည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မပါလာဘိဝံသက လည်းကောင်း၊ ပညာရေးရာဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တမုနိန္ဒာဘိဝံသက လည်းကောင်း ဆွေးနွေးတော်မူကြသည်။

ယင်းနောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ အကြံပြုတင်ပြလာသော ကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❐

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

အခမဲ့ဆေးဝါးကုသပေးမှုနှင့် ကျန်းမာရေးအသိပညာပေးဟောပြောမှု လှည့်လည်ကြည့်ရှု

ပြည်သူတိုင်း ကျန်းမာရေးအသိပညာများရရှိပြီး ကျန်းမာရေးနှင့်အညီ နေထိုင်ပြုမူကြရန်လမ်းညွှန်

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ သတ်မှတ်နေရာများ၌ နေပြည်တော်ကောင်စီနှင့် ကျန်းမာရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးတို့ ပူးပေါင်းဆောင်ရွက်သော အခမဲ့ကွင်းဆင်းဆေးကုသခြင်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြောမှုများကို လှည့်လည်ကြည့်ရှုပြီး ဆေးဝါးကုသမှုခံယူနေသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အားပေးစကားပြောကြားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နံနက် ၈ နာရီခွဲတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ပညာသိဒ္ဓိရပ်ကွက်ရှိ မြို့နယ်ပြည်သူ့ဆေးရုံ ခုတင်(၅၀)၌ ကျင်းပသည့် နေပြည်တော်ကောင်စီနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော အခမဲ့ကွင်းဆင်းဆေးကုသခြင်းနှင့် ကျန်းမာရေး အသိပညာပေးဟောပြောပွဲအခမ်းအနားသို့ ရောက်ရှိလာရာ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်စန္ဒာလှိုင်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ဆေးရုံ၌ အထူးကုဆရာဝန်ကြီးများက ပညာသိဒ္ဓိရပ်ကွက်နေ ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုဝင်များအား အခမဲ့ဆေးဝါးကုသပေးနေမှုနှင့် ကျန်းမာရေးအသိပညာပေးဟောပြောမှုတို့ကို လှည့်လည်ကြည့်ရှုပြီး ဆေးဝါးကုသမှုခံယူနေသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အားပေးစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော် သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် နံနက် ၉ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဗလသိဒ္ဓိရပ်ကွက်ရှိ မူလတန်းကြိုကျောင်း၌ ကျင်းပသည့် နေပြည်တော်ကောင်စီနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော အခမဲ့ကွင်းဆင်းဆေးကုသခြင်းနှင့် ကျန်းမာရေး အသိပညာပေးဟောပြောပွဲအခမ်းအနားသို့ ရောက်ရှိလာကြရာ နေပြည်တော် အထွေထွေရောဂါကုဆေးရုံကြီး ခုတင်(၁၀၀၀)မှ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်ဖြူဖြူနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဇမ္ဗူသီရိမြို့နယ် မင်္ဂလာသိဒ္ဓိရပ်ကွက် အမှတ်(၃) အခြေခံပညာမူလတန်းလွန်ကျောင်း၌ကျင်းပသည့် ကျန်းမာရေး အသိပညာပေးဟောပြောပွဲသို့ တက်ရောက်၍ ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုဝင်များအား လမ်းညွှန်မှာကြားစဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် မူလတန်းကြိုကျောင်း၌ အထူးကု ဆရာဝန်ကြီးများက ဗလသိဒ္ဓိရပ်ကွက်နေ ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုဝင်များအား အခမဲ့ဆေးဝါးကုသပေးနေမှုနှင့် ကျန်းမာရေး အသိပညာပေးဟောပြောမှုတို့ကို လှည့်လည်ကြည့်ရှုပြီး ဆေးဝါးကုသမှုခံယူနေသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အားပေးစကားပြောကြားသည်။

ကြိုဆိုနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် မင်္ဂလာသိဒ္ဓိရပ်ကွက် အမှတ်(၃)အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပသည့် နေပြည်တော်ကောင်စီနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံးတို့ ပူးပေါင်းဆောင်ရွက်သော အခမဲ့ကွင်းဆင်းဆေးကုသခြင်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲ အခမ်းအနားသို့ရောက်ရှိလာကြရာ အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀) တပ်မှူး ဗိုလ်မှူးချုပ်ကျော်မင်းဦးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ *စာမျက်နှာ ၄ ကော်လံ ၁* ❍

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်)

ဘဝဟူသည် တောင်တက်သမား

ကမ္ဘာပေါ်တွင် လူစွန့်စားများစွာရှိ၏။ စွန့်စားမှုပုံစံအမျိုးမျိုးရှိ၏။ အချို့က ပင်လယ်ကိုဖြတ်ပြီး စွန့်စားသည်။ အချို့က လေယာဉ်ဖြင့်ကမ္ဘာပတ်သည်။ အချို့မှာမူ တောင်တက်ခြင်းဖြင့်စွန့်စားကြ၏။ မည်သည့်စွန့်စားမှုဖြစ်စေ ဘဝတစ်ခုကို ရင်းနှီးမြှုပ်နှံပြီး စွန့်စားကြရ၏။

ဤသို့ စွန့်စားမှုအမျိုးမျိုးရှိသည့်အနက်မှ တောင်တက်သမားများ၏ စွန့်စားမှုများကို ရုပ်မြင်သံကြားနှင့် ရုပ်ရှင်ကားများတွင် မကြာခဏတွေ့ဖူးကြပေလိမ့်မည်။ တောင်တက်သမားများသည် တောင်တစ်တောင်ကိုတက်ရောက်ရာတွင် အခက်အခဲများစွာနှင့် ရင်ဆိုင်ကြရ၏။ တောင်တက်သမားတစ်ဦး၏ ရည်မှန်းချက်သည် တက်ရောက်နေသော တောင်ထိပ်သို့ ရောက်ရှိရေးပင်ဖြစ်၏။ သို့သော် တောင်ထိပ်သို့ရောက်သည့် တောင်တက်သမားများရှိသလို တောင်အလယ်အထိသာ တက်နိုင်သူများလည်းရှိ၏။ အချို့မှာမူ တောင်ခြေ၊ တောင်ကမ်းပါးယံမှပြန်ရသည့် တောင်တက်သမားများလည်းရှိ၏။ အချို့သောတောင်တက်သမားများသည် ဆီးနှင်းများဖုံးလွှမ်းနေသည့်တောင်များကို တက်ရောက်ရာတွင် အသက်ကိုစွန့်၍ တက်ကြရ၏။ အမှန်တကယ် တောင်တက်ရင်း အသက်ပျောက်သူများပင်ရှိ၏။

ထိုနည်းတူစွာပင် ဘဝသည်လည်း တောင်တက်သမားနှင့်တူ၏။ လူတိုင်းလူတိုင်းသည် ဘဝဟူသော တောင်မြင့်ကြီးပေါ်သို့ တက်နေကြရ၏။ ထိုဘဝတောင်ထိပ်ဆီသို့ တက်ရောက်နေကြကုန်သော လူအပေါင်းတို့၏ အန္တိမရည်မှန်းချက်သည် ဘဝတိုးတက်အောင်မြင်ကြီးပွားရေးပင်ဖြစ်၏။ အချို့က ထိုဘဝတောင်ထိပ်ဆီသို့ တက်ရောက်နိုင်ကြပြီး တချို့ တောင်စွယ်၊ တချို့ တောင်လယ်၊ တချို့ တောင်ခြေတွင် တဝဲလည်လည်ရှိနေတတ်ကြ၏။

ဤသို့ ဘဝတောင်ထိပ်သို့ ရောက်ကြသူများနှင့် မရောက်ကြသူများ ကွာခြားချက်၏ အဓိကအကြောင်းအချက်မှာ ကြိုးစားမှုပင်ဖြစ်၏။ အတော်အတန်ကြိုးစားသူတို့မှာ တောင်လယ်၊ တောင်စွယ်များအထိသာ တက်နိုင်ကြ၏။ ပြင်းပြင်းထန်ထန် ကြိုးစားသူတို့သာလျှင် အမြင့်ဆုံးသော တောင်ထိပ်ဆီသို့ရောက်ကြ၏။ အောင်မြင်တိုးတက်သောဘဝကို ပိုင်ဆိုင်ကြ၏။

ဘဝတောင်ထိပ်သို့ တက်ရောက်ကြရာတွင် ခက်ခဲကြမ်းတမ်းလှ၏။ လောကဓံ၏ နှိပ်စက်မှုကိုရင်ဆိုင်ကြရ၏။ ကြံ့ကြံ့ခံကြရ၏။ ရုန်းကန်ကြရ၏။ ဘဝသည်ရုန်းကန်ခြင်း (Life is Struggle) ဟုဆိုကြ၏။ မှန်၏။ လူအများစုသည် သူ့အတိုင်းနှင့်သူ့အထွာ ရုန်းကန်နေရ၏။ ရုန်းကန်ကြိုးစားမှုသည် လွတ်မြောက်မှု၏လမ်းစပင်ဖြစ်၏။ အောင်မြင်မှု၏လမ်းစလည်းဆိုနိုင်၏။

မျက်မှောက်ခေတ်ကြီးသည် တိုးတက်ပြောင်းလဲနေ၏။ လေ့လာစရာ၊ သင်ယူစရာများပြား၏။ များများလေ့လာ၊ များများကြိုးစားလျှင် များများအကျိုးရှိ၏။ "ယောက်ျားတံခွန်၊ လူရည်ချွန်က၊ ကောင်းကင်တမွတ်၊ ကြယ်ကိုဆွတ်သော်၊ မလွတ်စတမ်း၊ ရမြဲတမ်းတည့်…"ဆိုသည့် စကားအတိုင်း မိမိအလိုအပ်ဆုံးသော အရာကို မရရအောင်ကြိုးစားကြရပေမည်။ စာမေးပွဲအောင်လိုလျှင်ဖြစ်စေ၊ ဥစ္စာကိုလို၍ဖြစ်စေ၊ ရာထူးဂုဏ်ကိုလိုလား၍ဖြစ်စေ မဖြစ်မနေကြိုးစားသင့်၏။

တောင်တက်သမားတို့သည် တောင်ထိပ်ဆီသို့မရောက်ရောက်အောင် တက်ကြသည်။ လူတို့သည် ဘဝရပ်တည်မှုတစ်ခုမှ ဘဝတိုးတက်အောင်မြင်ရေးအတွက် ဓွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ကြိုးစားနေကြရ၏။ ဘဝဟူသည် တောင်တက်သမားလိုပင်ဖြစ်၏။ လူတိုင်းသည် ဘဝတောင်ထိပ်ဆီသို့ ယခုလည်းတက်နေကြသလို နောင်လည်းတက်နေကြရပေဦးမည်။ မည်သို့ဆိုစေ ဓွဲ၊ လုံ့လ၊ ဝီရိယတို့ကို နှလုံးသွင်းကြိုးစားကြခြင်းဖြင့် အောင်မြင်မှုပန်းတိုင်သည် မဝေးသောနေရာတွင်ရှိနေမည်သာဖြစ်ပါကြောင်း…။ ။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲ ဟင်္သာတတက္ကသိုလ်၌ကျင်းပ

ဟင်္သာတ ဖေဖော်ဝါရီ ၂၅

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဟင်္သာတတက္ကသိုလ် ရွှေဟင်္သာခန်းမ၌ ဖေဖော်ဝါရီ ၁၆ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။ ရှေးဦးစွာ ဟင်္သာတခရိုင် ဥပဒေအရာရှိ ဦးကျင်ဦးက မော်တော်ယာဉ်နှင့် လမ်းအသုံးပြုသူများနှင့်ပတ်သက်သော ပြစ်မှုပြစ်ဒဏ်များကိုလည်းကောင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့တာဝန်ခံ ရဲအုပ်ဇော်ဇော်က ယာဉ်တိုက်မှုနှင့် ပတ်သက်၍လည်းကောင်း၊ ဟင်္သာတခရိုင် ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဝင်းက လမ်းအသုံးပြုသူများ လက်စွဲပါ မော်တော်ဆိုင်ကယ်စီးသူများ လိုက်နာရန်စည်းကမ်းချက်၊ ခြေကျင်လျှောက်သူများ လိုက်နာရန်စည်းကမ်းချက်၊ မော်တော်ဆိုင်ကယ်အန္တရာယ်ဖြစ်မှု လျှော့နည်းကျဆင်းရေး အချက်အလက်များ၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းပါ သရုပ်ပြပုံများ၊ ယာဉ်တိုက်ခိုက်မှုမှတ်တမ်းများကိုလည်းကောင်း ပရိုဂျက်တာများဖြင့် ရှင်းလင်းပြသသည်။ **(အပေါ်ပုံ)**ထို့နောက်ခရိုင်ဦးစီးမှူး ဦးအောင်ဝင်းက ဒုတိယပါမောက္ခချုပ် ဒေါက်တာစံလင်းထံ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးစာအုပ်နှင့် စီဒီခွေများကိုပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (ဝ၇၅)

ဒေးဒရဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော ကတ္တရာထပ်ပိုးလွှာခင်း ပြည်တော်သာလမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က ကျင်းပရာ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးအောင်ဇော်လင်းတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။
(မြို့နယ် ပြန်/ဆက်)

မိုင်းခတ်မြို့နယ်၌ ဝမ်ခုတ်ကျေးရွာစာကြည့်တိုက်ဖွင့်

မိုင်းခတ် ဖေဖော်ဝါရီ ၂၅

နိုင်ငံတော်မတည်ငွေနှင့် ကျေးရွာပြည်သူများထည့်ဝင်ငွေဖြင့်ဆောက်လုပ်သည့် ကျိုင်းတုံခရိုင် မိုင်းခတ်မြို့နယ် ဝမ်ခုတ်ကျေးရွာ နမ့်လွေစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

စာကြည့်တိုက်အဆောက်အအုံသစ်ကို ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တွဲဖက်ပြည်နယ်ဦးစီးမှူးဦးစိုင်းဆမ်တစ်၊ ခရိုင်ဦးစီးအရာရှိဦးခမ်းလျန်ဆုမ်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝေနှင့် ဝမ်ခုတ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဆီရှန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကျေးရွာစာကြည့်တိုက်အတွက် အလှူငွေနှင့်စာစောင်များပေးအပ်လှူဒါန်းရာ မြို့နယ်ပြန်ဆက်ဦးစီးမှူး ဒေါ်နန်းနွယ်နီအောင်နှင့် ကျေးရွာစာကြည့်တိုက်တာဝန်ရှိသူတို့က လက်ခံယူကြသည်။

အဆိုပါစာကြည့်တိုက်သည် အလျား ၂၄ ပေ၊ အနံ ၁၄ ပေ၊ အမြင့် ၁၂ ပေရှိ သွပ်မိုး၊ အုတ်ညှပ်၊ သမံတလင်းခင်း တစ်ထပ်အဆောက်အအုံဖြစ်ပြီး နိုင်ငံတော် မတည်ငွေနှင့်ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၂၂ သိန်းဖြင့် ဆောက်လုပ်ခဲ့ခြင်း ဖြစ်ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး မျက်နှာစုံညီအစည်းအဝေး ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀)ပြည့် အခမ်းအနား၌ အစည်းအရုံးမှပါဝင်၍ ပန်းချီပြပွဲ၊ ပြိုင်ပွဲများအောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် မတ်လတွင် ကျင်းပမည့် မျက်နှာစုံညီအစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)၏ အလုပ်အမှုဆောင်အဖွဲ့ ညှိနှိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၅ ရက်က ဗိုလ်ချုပ်ဈေးအရှေ့ဘက်တန်းရှိ အစည်းအရုံး(ဗဟို)၌ ကျင်းပသည်။

မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များ အစည်းအရုံး၏ မျက်နှာစုံညီ အစည်းအဝေးပွဲကို ရန်ကုန်မြို့ ပြည်လမ်း အမျိုးသားပြတိုက် ဘက်စုံခန်းမ၌ မတ်လနောက်ဆုံးပတ်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများဆောင်ရွက်

ရှာင် ဖေဖော်ဝါရီ ၂၅

ရှာင်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးဆောင်၍ ဒေသခံပြည်သူများပူးပေါင်းပါဝင်မှုဖြင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဖေဖော်ဝါရီ ၂၂ရက် နံနက် ၈ နာရီက ၂၀၁၁ ခုနှစ် မိုးရာသီတွင် ကျောက္ကူပြင်၌ စိုက်ပျိုးခဲ့သောသစ်မာယူကလစ်အပင် ၁၀၀၀ ကိုလည်းကောင်း၊ ၂၀၁၀ ခုနှစ် မိုးရာသီတွင် ကျောက်မြောင်း စုပေါင်းစိုက်ကွက်များ၌ စိုက်ပျိုးခဲ့သော သစ်မာယူကလစ်အပင် ၂၀၀၀ ကိုလည်းကောင်း မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးဇော်နိုင်နှင့် ဝန်ထမ်းများ၊ ကျောက္ကူပြင်နှင့် ကျောက်မြောင်းအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများက ပေါင်းရှင်းမြေဆွပေးခြင်း၊ မီးဘေး ကာကွယ်ခြင်းလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေး သံဖြူဇရပ်မြို့နယ်၌ လုပ်ငန်းညှိနှိုင်း

သံဖြူဇရပ် ဖေဖော်ဝါရီ ၂၅

သံဖြူဇရပ်မြို့နယ်၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွင်း ဖြေဆိုမည့်တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က သံဖြူဇရပ်မြို့ အထက(၁) ခန်းမဆောင်တွင် ကျင်းပသည်။ ဆွေးနွေးပွဲတွင် မြို့နယ်ပညာရေးမှူး ဒေါ်ရွှေမိက မြို့နယ်အတွင်း အထက်တန်းကျောင်းရှစ်ကျောင်း၏ အောင်ချက်မြင့်မားရေးဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး ပြည်နယ်ဝန်ကြီး ဦးမျိုးညွန့်က သံဖြူဇရပ်မြို့နယ်၏ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် ပညာရေးဝန်ထမ်းများမှ ကြိုးပမ်းဆောင်ရွက်ရေးနှင့် ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများကလည်း ပညာကို ကြိုးစားသင်ယူလေ့လာရေး တိုက်တွန်းမှာကြားသည်။ ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ကရင်သောင်ကျေးရွာ အထက(ခွဲ)နှင့် ကျုံကဒါတ်ကျေးရွာ အထကသို့ သွားရောက်ပြီး ကျောင်းအုပ်များ၊ ဆရာ ဆရာမများ၊ တက္ကသိုလ်ဝင်တန်းဖြေကြမည့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံမှာကြားခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မီးဘေးကာကွယ်ရေး ပညာပေးဟောပြောပွဲနှင့် လက်တွေ့ငြိမ်းသတ်ခြင်း ပျော်ဘွယ်မြို့နယ်၌ ကျင်းပ

ပျော်ဘွယ် ဖေဖော်ဝါရီ ၂၅

ပျော်ဘွယ်မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် ပညာပေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြမီးငြိမ်းသတ်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက် ညနေ ၅ နာရီက မင်းလမ်းကျေးရွာအုပ်စု ရန်ကုန်-မန္တလေးကားလမ်းဘေးရှိ နီလာရိုးမစက်သုံးဆီအရောင်းဆိုင်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသိန်းဇော်ဝင်းက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးရေး ပညာပေးဆွေးနွေးပြီး မီးသတ်တပ်ဖွဲ့ဝင်များ၊ နီလာရိုးမစက်သုံးဆီအရောင်းဆိုင်မန်နေဂျာ ဦးမြင့်သန်းနှင့် ဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက DCP မီးသတ်ဆေးဘူးများနှင့် မီးငြိမ်းသတ်မှုလက်တွေ့သရုပ်ပြခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** (၄၄၀)

ကုန်သည်/စက်မှုအသင်းချုပ်၌ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ကကြီးမှူး၍ ဒေါက်တာဇော်ဦး (Chin Mai University) မှ Asean စီးပွားရေး ဝန်းကျင်ဆိုင်ရာ သိကောင်းစရာများ AEC ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို မတ် ၄ ရက်(တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ်(၂၉) ရှိUMFCCI OfficeTower ပထမထပ် ခန်းမကြီး၌ ကျင်းပမည်ဖြစ်ရာ အဆိုပါဟောပြောပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရှိရသည်။ **(ကုန်သည်/စက်မှုအသင်းချုပ်)**

မီးဖိုမီး အခြားမီး
သုံးပြီးသတ် အမြဲရှိ

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော

စဥ့်ကူး ဖေဖော်ဝါရီ ၂၅

စဥ့်ကူးမြို့နယ် သစ်တောဦးစီးဌာနမှ ကြီးမှူးကျင်းပသော တရားမဝင်သစ်ထုတ်လုပ်မှုလျော့နည်းပပျောက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၆ ရက် မွန်းလွဲ ၁ နာရီက ညောင်ပင်သာကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုင်းမောင်လူနှင့် မြို့နယ်သစ်တောဦးစီးအရာရှိ ဦးကောင်းမြတ်လင်းတို့က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်များနှင့် သစ်တောသစ်ပင်ထိန်းသိမ်းရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တောအုပ်ကြီးဦးသန်းနိုင်က တရားမဝင်သစ်ထုတ်လုပ်မှုလျော့နည်းပပျောက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများကို အသိပညာပေးဟောပြောပြီး တောအုပ်ဦးသန့်ဇင်က ထင်းအစားထိုးလောင်စာသုံး(A-1) မီးဖိုပြုလုပ်သုံးစွဲပုံများနှင့် အကျိုးအာနိသင်တို့ကို သရုပ်ပြရှင်းလင်းကြောင်း သိရှိရသည်။ (၄၃၃)

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သောဠသမအစည်းအဝေးတွင် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် သာသနာရေးဆိုင်ရာများကို လျှောက်ထားစဉ်။ (သတင်းစဉ်)

❒ ရှေ့ဖုံးမှ

ထို့နောက် ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး အစီအစဉ်များကို အတည်ပြုချက်ရယူရန်ကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ တတိယအဖွဲ့ခွဲ၏ လေးလတာကာလ ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာ ဆောင်ရွက်ချက်များကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီက ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ကြမည့် ဤအစည်းအဝေးကြီးတွင် သာသနာရေးဆိုင်ရာအဖြာဖြာတို့ကို ဆက်စပ်ညီညွတ်အောင်လျှောက်ထားခွင့်ရရှိခြင်း၊ ဝေယျာဝစ္စများ စီမံခန့်ခွဲခွင့်ရရှိခြင်း စသည်ဖြင့် ဒါန၊ သီလ၊ ဘာဝနာ၊ အပစာယန၊ ဝေယျာဝစ္စ စသော ပုညကိရိယ ဝတ္ထု ၁၀ ပါး၊ ကုသိုလ်တရားများကို ကောင်းစွာပိုင်ပိုင်ရရှိကြသဖြင့် ထိုကုသိုလ်တရားများ၏ အကျိုးဆက်ကောင်းကျိုးတရားများသည် မိမိတို့နောက်သို့ အရိပ်ပမာလိုက်ပါလျက် သံသရာခရီးလမ်းတွင် မပင်မပန်းလျှောက်လှမ်းကြရမည်ဟု နှလုံးသွင်းဆင်ခြင်ကာ နိုင်ငံတော်အစိုးရကိုယ်စား ဘုရားတပည့်တော်များအနေဖြင့် ဖရဏာပီတိဂွမ်းဆီထိပမာ လွန်စွာပင်ရွှင်လန်းဝမ်းမြောက်ရပါသည်ဘုရား။

ဗုဒ္ဓသာသနာတော်ကြီးသည် အံ့ဖွယ်ရှစ်ပါးနှင့်ပြည့်စုံသော သာသနာတော်မြတ်ကြီး ဖြစ်ပါသည်ဘုရား။ အံ့ဖွယ်ရှစ်ဖြာ သာသနာတော်ဆိုသည်မှာ-

- အစဉ်မကျော် အကျင့်တော်များရှိခြင်း၊
- ဘုရားသားတော်တပည့်ရဟန်းတော်များသည် အသက်ပင်သေသေ ဘုရားရှင်ပညတ်ထားသည့် ဥပဒေတော်များကို မကျူးလွန်ခြင်း၊
- ရဟန်းတု ရဟန်းယောင်များကို ဖယ်ရှားပစ်ခြင်း၊
- လူမျိုးစုံဝင်ရောက်လာသော်လည်း သာကီဝင်မင်းသားရဟန်းတော်များ ဟူသော အမည်တစ်ခုတည်းသာရှိခြင်း၊
- ရဟန္တာအရှင်မြတ်များ ပရိနိဗ္ဗာန်ဝင်စံတော်မူကြသော်လည်း ဗုဒ္ဓသာသနာ တော်မြတ်ကြီး လျော့ပါးသွားမှုမရှိခြင်း၊
- ကိလေသာတို့မှ လွတ်မြောက်မှု နိဗ္ဗာန်ချမ်းသာဟူသော အရသာတစ်မျိုး သာရှိခြင်း၊
- မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်များရရာရကြောင်း သတိပဋ္ဌာန်စသော ဗောဓိပက္ခိယ တရား(၃၇)ပါးတည်းဟူသော အဖိုးအနဂ္ဃထိုက်တန်သော ဓမ္မရတနာ သိုက်ကြီးများရှိခြင်း။
- မဂ္ဂဋ္ဌာန်လေးယောက်၊ ဖလဋ္ဌာန်လေးယောက်ဟူသော အရိယာပုဂ္ဂိုလ်များ ထင်ရှားရှိခြင်းတို့ဖြစ်ကြောင်း သိရှိကြည်ညိုကြရပါသည်ဘုရား။

ထိုကဲ့သို့ အံ့ဖွယ်ရှစ်ဖြာ သာသနာတော်မြတ်ကြီးကို ဘုရားရှင် သက်တော် ထင်ရှားရှိစဉ်ကာလမှ သင်္ဂါယနာ ၆ တန်ကျော်လွန်သည့် မျက်မှောက်ခေတ်တိုင်အောင် ရဟန္တာမထေရ်မြတ်ကြီးများ၊ သာသနာ့ဦးသျှောင် မဟာထေရ်ကြီးများနှင့် သံဃာတော် ထေရ်ရှင်မြတ်များက သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ်ဟူသော ဗိုလ်ငါးတန် အရင်းခံလျက် တာဝန်ကျေပွန်စွာ လက်ဆင့်ကမ်း ဆောင်ရွက်တော်မူလာ ခဲ့ကြသဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ထေရဝါဒဗုဒ္ဓသာသနာစစ်စစ် နေလိုလလိုထွန်းလင်းတောက်ပနေလျက် ကမ္ဘာ့အလယ်၌ တင့်တယ်ကောင်းခြင်း လှိုင်လှိုင်သင်းကာ ဂုဏ်သတင်းဝင့်ထည်လျက်ရှိနေပါသည်ဘုရား။

ယခုအခါ သံဃာ့အဖွဲ့အစည်းများတွင် သာသနာတော်မြတ်ကြီး၏ လုပ်ငန်းကိစ္စ အဝဝကို စဉ်ဆက်ပြည့်ဝဆောင်ရွက်တော်မူနိုင်ကြစေရန် ဦးတည်ချက်ဖြင့် သံဃာ့ အဖွဲ့အစည်းဝင်များ ၂၅% (ရာခိုင်နှုန်း) အဟောင်းအသစ် လဲလှယ်ရာတွင် ဆဋ္ဌအကြိမ် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် အစားထိုးရွေးချယ်ပွဲကို ၂၀၁၃ ခုနှစ် နှစ်စပိုင်းတွင် ပြုလုပ်ကြရတော့မည်ဟု သိရှိရပါသည်ဘုရား။ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးလုပ်ငန်းစဉ်များကို လက်ဆင့်ကမ်း စွမ်းအားမြှင့်လျက် ဆောင်ရွက်နိုင်ကြ မည်ဟု ယုံကြည်ပါသည်ဘုရား။

ဆဋ္ဌအကြိမ် ၆-နှစ်တာကာလအတွင်း ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးက ဆုံးဖြတ်ခဲ့သော ဗုဒ္ဓသာသနာတော်ကြီး သန့်ရှင်းရေး၊ တည်တံ့ရေး၊ ပြန့်ပွားရေး လုပ်ငန်းရပ်များကိုချမှတ်အကောင်အထည်ဖော်ရာတွင် ခရီးရောက်အောင်မြင်ခဲ့သည်ဟု ဆိုနိုင်ပါသည်ဘုရား။ ယနေ့မြန်မာနိုင်ငံတော်တွင် ဘုန်းတော်ကြီးကျောင်းပေါင်း ၆ သောင်းကျော်၊ ရဟန်းသာမဏေပေါင်း ၅ သိန်းကျော်၊ သာသနာနွယ်ဝင် သီလရှင် ပေါင်း ၄ သောင်းကျော်ရှိသော်လည်း မှုခင်းဖြစ်ပွားသည့်ကျောင်း၊ အရေးယူခံရသည့် ရဟန်းသံဃာနှင့် သာသနာနွယ်ဝင် သီလရှင်အရေအတွက်တို့မှာ မပြောပလောက်ပါ ဘုရား။ သို့ရာတွင် “အမှိုက်ကစ ပြာသာဒ်မီးလောင်”ဆိုသကဲ့သို့ မကောင်းသောပုဂ္ဂိုလ် တစ်ဦးတစ်ယောက်၊ တစ်စုတစ်ဖွဲ့ကြောင့် တစ်သာသနာလုံး မှေးမှိန်စေရန်ဖြစ်သဖြင့် မပြောပလောက်သောအမှုကိုပင် ပေါ့ပေါ့တန်တန် သဘောမထားမိစေရန် လွန်စွာ အရေးကြီးလှပါသည်ဘုရား။

အထူးသဖြင့် လျှောက်ထားလိုသည်မှာ ပြစ်မှုကျူးလွန်သော ရဟန်းသာမဏေ များကို ဓမ္မစက်ဖြင့်အရေးယူသကဲ့သို့ အာဏာစက်ဖြင့်လည်း အရေးယူမှုများရှိနေ ပါသည်ဘုရား။ အကိုးကွယ်ခံ ရဟန်းသာမဏေအချို့အား ကိုးကွယ်သူ လူပုဂ္ဂိုလ်များက တရားဥပဒေအရ အရေးယူရန် ဆောင်ရွက်ရန်မှာ အလွန်တရာမသင့်မလျော်သော ကိစ္စဖြစ်ပါသည်ဘုရား။ သို့ဖြစ်ပါ၍ ပြစ်မှုကျူးလွန်မှု၊ ပြစ်ဒဏ်သင့်မှုများ မဖြစ်ပေါ် စေရန် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်က ရဟန်းသာမဏေများအား ပြစ်မှုနှင့် ပြစ်ဒဏ် များ သိရှိလိုက်နာစေရေး အသိပေးရှင်းလင်းပွဲများ၊ ဩဝါဒခံယူပွဲများ မကြာခဏပြုလုပ် ဆောင်ရွက်ပေးတော်မူကြပါရန် လျှောက်ထားအပ်ပါသည်ဘုရား။ ထိုကဲ့သို့ပြုလုပ်ခြင်း အားဖြင့် ဗုဒ္ဓသာသနာတော်မြတ်ကြီး သန့်ရှင်းနေကာ သာသနာတော် တည်တံ့ပြန့်ပွား ရေးလုပ်ငန်းစဉ်များကို တည်ငြိမ်အေးဆေးစွာ အရှိန်အဟုန်မြှင့် ဆောင်ရွက်တော် မူနိုင်ကြမည်ဖြစ်ပါသည်ဘုရား။ အံ့ဖွယ်ရှစ်ဖြာ သာသနာတော်တွင် ဒုဿီလပုဂ္ဂိုလ်များ ဖယ်ရှားပစ်ခြင်းကို တတိယအံ့ဖွယ်အဖြစ်ထားရှိခြင်းမှာ ဘုရားရှင်သည် သာသနာ တော်ကြီးသန့်ရှင်းရေးကို မည်မျှလိုလားတော်မူကြောင်း မှန်းဆကြည်ညိုနိုင်ကြပါသည် ဘုရား။

ဝိနည်းဥပဒေတစ်ရပ် ပညတ်တော်မူရာတွင် ဘုရားရှင်၏ မျှော်မှန်းချက်မှာ-

- သံဃာတော်များ ကောင်းမွန်စွာနေနိုင်ရေး၊
- သံဃာတော်များ ချမ်းချမ်းသာသာနေနိုင်ရေး၊
- အကျင့်ပျက်ပုဂ္ဂိုလ်များအား နှိမ့်ချရေး၊
- ရဟန်းကောင်းများ ချမ်းသာစွာတရားအားထုတ်နိုင်ရေး၊
- မျက်မှောက်ဖြစ်ပေါ်လာသည့် ကိလေသာအာသဝေါတရားများ စောင့်စည်း ရေး၊
- နောင်ဖြစ်လာမည့် ကိလေသာအာသဝေါတရားများပယ်ရှားရေး၊
- မကြည်ညိုသေးသူတို့အား ကြည်ညိုစေရေး၊
- ကြည်ညိုပြီးသူတို့အား ပို၍ကြည်ညိုစေရေး၊
- သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီး ကာလကြာရှည်စွာ တည်တံ့ရေး၊
- ဝိနည်းတရားတော်ကို ဂုဏ်ပြုချီးမြှောက်ရေးတို့ဖြစ်ကြောင်း သိရှိကြည်ညိုကြရ ပါသည်ဘုရား။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သက်တမ်းအနှစ် ၃၀ ကာလအတွင်း ဆောင်ရွက်ခဲ့သည့် ဝိနိစ္ဆယရေးရာ၊ သာသနာ့ရေးရာ၊ ပညာရေးရာလုပ်ငန်းဆောင်တာ များကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ခြင်းများသည် သာသနာတော်အတွက် များစွာ အားတက်ကြည်ညိုဖွယ်ရာဖြစ်ပါသည်ဘုရား။ အဖွဲ့ခွဲများသည် မိမိတို့တာဝန်ကျရာ ကာလအတွင်း သာသနာရေးဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခြင်း၊ သုံးသပ် ဝေဖန်ခြင်း၊ ဆုံးဖြတ်ခြင်း၊ အစီရင်ခံစာတင်ခြင်း၊ မှတ်တမ်းများဖြင့် စနစ်တကျမှတ်သား ထားရှိတော်မူကြခြင်း စသည်ဖြင့် ဆောင်ရွက်တော်မူခဲ့ကြသည်ကို တွေ့ရှိရပါသည် ဘုရား။ ဆရာတော်ကြီးများသည် သက်တော်ရွယ်တော်ကိုမငဲ့ ကျန်းမာရေးကို ဂရုမစိုက်အားဘဲ မိမိကျရာလုပ်ငန်းတာဝန်များကို မတွန့်မဆုတ်သော လုံ့လဝီရိယ၊ လေးနက်သောသဒ္ဓါစေတနာ၊ထက်သန်သောအားမာန်၊ မြဲမြံခိုင်ခံ့သောသတိပညာ တို့ဖြင့် သာသနာတော်မြတ်ကြီးအတွက် ပြင်းပြကြိုးကုတ်၊ အားထုတ်တော်မူကြသည်ကို တွေ့မြင်ရပါသဖြင့် ဝမ်းမြောက်နုမော်သာဓုခေါ်ဆိုကြရပါသည်ဘုရား။

ဗုဒ္ဓသာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် သာသနာ့ ဦးသျှောင် မဟာထေရ်မြတ်ကြီးများ ရှေ့ဆောင်ဦးရွက် စောင့်ရှောက်တော်မူနေ ကြသကဲ့သို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် အများပြည်သူတို့ကလည်း ငြိမ်းချမ်းသာယာစွာ ဆရာဒကာညီညာလက်ယှက် “ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ” ရှေ့သွားညီအောင် ကြည်ဖြူသဒ္ဓါစေတနာဖြင့် ထောက်ပံ့ချီးမြှင့်ပူဇော်လျက်ရှိကြပါသည် ဘုရား။

နိဂုံးချုပ်အားဖြင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ သောဠသမအစည်း အဝေးကြီးသို့ ကြွရောက်တော်မူကြရာတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဦးဆောင်မှုအောက်တွင်ရှိကြသည့် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့သည် “ သံဃာ့ ကိစ္စ သံဃာဆောင်ရွက်ရန်”ဟူသော အခြေခံမူဖြင့် စီမံဆောင်ရွက်နိုင်ကြပြီး သက်တမ်း အားဖြင့် နှစ် ၃၀ ပြည့်မြောက်ခဲ့ပြီး ၃၁ နှစ်ထဲသို့ ချင်းနင်းရောက်ရှိလာပြီဖြစ်ပါ၍ များစွာခရီးရောက် အောင်မြင်ခဲ့ပါသည်ဘုရား။ ယနေ့အချိန်တွင် နိုင်ငံတော်အစိုးရ သည် သာသနာတော်အတွက် အဘက်ဘက်မှ လိုလေသေးမရှိအောင် အားပေး ချီးမြှောက် ထောက်ပံ့နေသကဲ့သို့ ပြည်သူပြည်သား ဒါယကာ၊ ဒါယိကာမများကလည်း အင်တိုက်အားတိုက် အားပေးချီးမြှောက် ထောက်ပံ့နေသည့် ဤအချိန်ကောင်း အခါ ကောင်းတွင် သတိတရားလက်ကိုင်ထား၍ ဗုဒ္ဓသာသနာတော်မြတ်ကြီး အကျိုးပွားတိုး ဆောင်ရွက်တော်မူနိုင်ကြပါစေကြောင်း ပန်ကြားလျှောက်ထားရင်း ဘုရား တပည့်တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါသည် ဆရာတော်သံဃာတော် အရှင်သူမြတ်တို့ ဘုရားဟု လျှောက်ထားသည်။

ယင်းနောက် ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ပန္နရသမအစည်းအဝေးက ချန်လှပ်ခဲ့သော ဝိနိစ္ဆယဆိုင်ရာမှုခင်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး ဆဋ္ဌအကြိမ် ဒွါဒသမ(လေးလပတ်) နိုင်ငံတော် ဝိနည်းဓိုရ် ဆရာတော်ကြီးများ ရွေးချယ်လျာထားအတည်ပြု ပင့်ဆောင်ရေးကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ဆက်လက်၍ ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ ပဥ္စမအကြိမ်တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝေဖန်ဆွေးနွေးဆုံးဖြတ်ချက်များအပေါ် ဝိနိစ္ဆယရေးရာဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသြဘာသာဘိဝံသကလည်းကောင်း၊ သာသနာ ရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍိတကလည်းကောင်း၊ ပညာရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တနန္ဒမာလာကလည်းကောင်း ပြန်လည်ရှင်းလင်း လျှောက်ထားတော်မူကြ သည်။

ယင်းနောက် ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(တတိယအဖွဲ့ခွဲ)၏ ပဥ္စမအကြိမ်တာဝန်ကျရာ ကာလအတွင်းဆောင်ရွက်ချက်အစီရင်ခံစာကို တွဲဖက်အကျိုး တော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါယမက ကြွရောက်တော်မူကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများထံမှ အတည်ပြုချက် ရယူတော်မူ ကြပြီး အထွေထွေကိစ္စများကို ဆွေးနွေးဆုံးဖြတ်တော်မူကြကာ ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ သောဠသမအစည်းအဝေး အောင်မြင်စွာကျင်းပ ပြီးစီးသွားသည်။ **(သတင်းစဉ်)**

တစ်ပြည်လုံးတွင် အများအားဖြင့်သာယာမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအား ဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ကရင်ပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အနောက် တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ကမာရွတ်မြို့နယ် အမှတ်(၂)အခြေခံပညာမူလတန်းကျောင်း ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ပညာတန်ဆောင်ခန်းမတွင် ဖေဖော်ဝါရီ ၁၄ ရက်ကကျင်းပရာ တိုင်းအဆင့်ကျွမ်းဘား ဒုတိယဆု၊ မြန်မာအသံ ကဗျာရွတ်ပြိုင်ပွဲ ဒုတိယဆု၊ ပညာရည်ချွန်ဆုရ မနုသက်ဝေအား ကျောင်းအုပ် ဆရာမကြီး ဒေါ်ရီရီခိုင် ဆုချီးမြှင့်စဉ်။ (ဝ၄၄)

ပေးအပ်လှူဒါန်း

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေ မြို့နယ် အရိုးကုန်းရပ်ကွက် အလင်း ရောင်စာကြည့်တိုက်တွင် ဖေဖော်ဝါရီ ၈ ရက်က စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက် ရေးအတွက် မြို့နယ်ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီး မှူး ဒေါ်လှလှမြင့်က ရပ်ကွက်အုပ်ချုပ် ရေးမှူး ဦးအောင်ထွန်းထံသို့ စာအုပ်များ ပေးအပ်လှူဒါန်းစဉ်။ (ဝ၄၄)

မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဦးစီးဌာနနှင့် သတင်းမီဒီယာများတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

မန္တလေးတိုင်းဒေသကြီး လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင် ဦးစီးဌာနနှင့် သတင်းမီဒီယာများ တွေ့ဆုံ ပွဲကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၁၀နာရီ တွင် အဆိုပါရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

တွေ့ဆုံပွဲ၌ တိုင်းဒေသကြီးဦးစီး ဌာနမှူး ဦးဌေးလှိုင်က နိုင်ငံသားနှင့် အိမ်ထောင်စု လုပ်ငန်းများဆောင်ရွက်မှု အခြေအနေတို့ကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသောဧည့်သည်တော် များနှင့် မီဒီယာများအား ပြည်သူများ သိသင့်သည့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သော လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးသည်။

ကြည့်ရှုအားပေး

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော သတင်းဂျာနယ် (၁၈)ခုမှ မီဒီယာ ၂၃ ဦးတို့က နိုင်ငံ သားနှင့်အိမ်ထောင်စုလုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့်စပ်လျဉ်း၍ သိလို သောအချက်အလက်များကို မေးမြန်း ကြရာ တိုင်းဒေသကြီး ဦးစီးဌာနမှူးက အသေးစိတ် ပြန်လည်ရှင်းလင်းဖြေကြား ခဲ့ကြောင်းနှင့် ဧည့်သည်တော်များနှင့် သတင်းမီဒီယာများက လုပ်ငန်းဆောင်ရွက် မှုမှတ်တမ်းဓာတ်ပုံများကို လိုက်လံ လေ့လာကြည့်ရှုအားပေးခဲ့ကြောင်း သိရ သည်။ **(သတင်းစဉ်)**

စာအုပ်စာပေ လှူ့မိတ်ဆွေ

26-2 (03).pmd 1 2/26/2012, 3:36 AM

နိုင်ငံတော်သမ္မတဦးသိန်းစိန် ဇမ္ဗူသီရိမြို့နယ် ဗလသိဒ္ဓိရပ်ကွက်ရှိ မူလတန်းကြို ကျောင်း၌ ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုဝင်များအား အခမဲ့ဆေးဝါးကုသပေးနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် အခြေခံပညာ မူလတန်းလွန်ကျောင်း၌ တပ်မတော်အထူးကုဆရာဝန်ကြီးများက မင်္ဂလာသိဒ္ဓိရပ်ကွက်နှင့် ဘောဂသိဒ္ဓိရပ်ကွက်နေ ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုဝင်များအား အခမဲ့ဆေးဝါးကုသပေးနေမှုနှင့် ကျန်းမာရေးအသိပညာပေးဟောပြောမှုတို့ကို လှည့်လည်ကြည့်ရှုပြီး ဆေးဝါးကုသမှုခံယူနေသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အားပေးစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကျန်းမာရေးအသိပညာပေးဟောပြောပွဲသို့ တက်ရောက်၍ ဝန်ထမ်းနှင့်ဝန်ထမ်းမိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံပြီး နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာရာတွင် နိုင်ငံသူ နိုင်ငံသားများ၏ သက်ရှည်ကျန်းမာမှုသည် ကဏ္ဍတစ်ရပ်အဖြစ် ပါဝင်သောကြောင့် ကျန်းမာရေးအဆင့်အတန်းမြင့်မားရေးသည် အရေးကြီးကြောင်း၊ ပြည်သူတိုင်းသက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ရန် ကျန်းမာရေးအသိပညာရှိရန် လိုအပ်ကြောင်း၊ သို့မှသာ ကျန်းမာရေးအသိပညာ၊ ကာကွယ်မှုအသိပညာနှင့် ကုသမှုအသိပညာတို့ကို ဟန်ချက်ညီညီ ဆောင်ရွက်နိုင်ပြီး ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ပြည်သူတိုင်း ကျန်းမာရေးအသိပညာများရရှိကာ ကျန်းမာရေးနှင့်အညီ နေထိုင်၊ ပြုမူ၊ ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် လမ်းညွှန်မှာကြားသည်။

ကွင်းဆင်းကုသရေးအဖွဲ့တွင် ဖျားနာရောဂါကုသရေးအဖွဲ့၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ကုသရေးအဖွဲ့၊ ခွဲစိတ်ကုသရေးအဖွဲ့၊ အရိုးခွဲစိတ်ကုသရေးအဖွဲ့၊ ဆေးလူမှုဆက်ဆံရေးအဖွဲ့၊ မျက်စိကုသရေးအဖွဲ့၊ သားဖွားမီးယပ်ကုသရေးအဖွဲ့၊ ကလေးကုသရေးအဖွဲ့၊ အရေပြားရောဂါကုသရေးအဖွဲ့၊ ငှက်ဖျားရောဂါကုသရေးအဖွဲ့၊ တီဘီရောဂါကုသရေးအဖွဲ့၊ ဆေးမှတ်တမ်းအဖွဲ့၊ ဆေးစာရင်းမှတ်တမ်းအဖွဲ့၊ ဆေးဝါးကျွမ်းကျင်အဖွဲ့၊ သွားဘက်ဆိုင်ရာကုသရေးအဖွဲ့၊ ဆီးနှင့်ကျောက်ကပ်ကုသရေးအဖွဲ့၊ ဦးနှောက်နှင့် အာရုံကြောကုသရေးအဖွဲ့၊ နှလုံး၊ အသည်း၊ ရင်ခေါင်းအထူးအဖွဲ့၊ အစာအိမ်နှင့် အူလမ်းကြောင်းအထူးအဖွဲ့၊ အရိုးနှင့်ထိခိုက်ဒဏ်ရာ ကုသရေးအဖွဲ့နှင့် အကြောအဆစ်နှင့် ပြန်လည်သန်စွမ်းရေးအထူးအဖွဲ့တို့ပါဝင်ပြီး ရောဂါအလိုက် သက်ဆိုင်ရာ အထူးကုဆရာဝန်ကြီးများက အခမဲ့ကုသပေးကြရာ နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုဝင် စုစုပေါင်း ၅၅၀၀ ကျော်လာရောက်၍ ဆေးဝါးကုသမှုခံယူခဲ့ကြသည်။

အခမဲ့ကွင်းဆင်းကုသခြင်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြောမှုများကို အဆိုပါနေရာများ၌ ဖေဖော်ဝါရီ ၂၅ ရက်မှ ၂၆ ရက်အထိ ဆက်လက်ကျင်းပပြီး ကုသပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတဦးသိန်းစိန် ဇမ္ဗူသီရိမြို့နယ် ပညာသိဒ္ဓိရပ်ကွက်ရှိ မြို့နယ်ပြည်သူ့ဆေးရုံ ခုတင်(၅၀)၌ အထူးကုဆရာဝန်ကြီးများက ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုဝင်များအား အခမဲ့ဆေးဝါးကုသပေးနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဗလသိဒ္ဓိရပ်ကွက်ရှိ မူလတန်းကြိုကျောင်း၌ အထူးကုဆရာဝန်ကြီးများက ဝန်ထမ်းနှင့်ဝန်ထမ်းမိသားစုဝင်များအား အခမဲ့ဆေးဝါးကုသပေးနေစဉ်။ (သတင်းစဉ်)

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဆက်သွယ်ဆက်ဆံရေးအရာရှိသင်တန်း အမှတ်စဉ်(၁) တက်ရောက်ခွင့်ရရှိသည့် သင်တန်းသား (၁၉၃)ဦး စာရင်းထုတ်ပြန်ကြေညာ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အချိန်ပြည့်တာဝန်ထမ်းဆောင်နိုင်ရန် ဆက်သွယ်ဆက်ဆံရေးအရာရှိ သင်တန်းအမှတ်စဉ်(၁)ကို နေပြည်တော် နိုင်ငံတော်အားကစားလေ့ကျင့်ရေးစခန်း(ရွှေကြာပင်)တွင် မတ် ၁၂ ရက်မှ ၂၆ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်သည်။

ထိုသင်တန်းတက်ရောက်ရန်အတွက် ပဏာမအောင်မြင်သူများမှာ နေပြည်တော်ဇုန်တွင် ဖြေဆိုသည့် အမှတ်စဉ် (၁)၊ (၃)၊ (၄)၊ (၅)၊ (၆)၊ (၁၁)၊ (၁၃)၊ (၁၉)၊ (၂၀)၊(၂၃)၊ (၂၆)၊ (၂၇)၊ (၃၀)၊ (၃၁)၊ (၃၃)၊ (၃၄)၊ (၃၅)၊ (၃၇)၊ (၄၅)၊ (၄၆)၊ (၄၈)၊ (၅၁)၊(၅၂)၊(၅၆)၊ (၆၁)၊ (၆၂)နှင့် (၆၆)၊ ရန်ကုန်ဇုန်တွင်ဖြေဆိုသည့် အမှတ်စဉ် (၁)၊ (၂)၊ (၃)၊ (၈)၊ (၁၂)၊ (၂၀)၊ (၂၂)၊ (၂၄)၊ (၂၆)၊ (၃၀)၊ (၃၁)၊ (၃၂)၊ (၃၃)၊ (၃၇)၊ (၃၉)၊ (၄၁)၊ (၄၆)၊ (၄၈)၊ (၄၉)၊ (၅၀)၊ (၅၃)၊ (၅၅)၊ (၅၉)၊ (၆၀)၊ (၆၁)၊ (၆၂)၊ (၆၃)၊ (၆၅)၊ (၆၈)၊ (၇၀)၊ (၇၃)၊ (၇၄)၊ (၈၀)၊ (၈၁)၊ (၈၂)၊ (၈၄)၊ (၈၅)၊ (၈၆)၊ (၈၇)၊ (၉၀)၊ (၉၁)၊ (၉၂)၊ (၉၃)၊ (၉၄)၊ (၁၀၂)၊ (၁၀၆)၊ (၁၀၇)၊ (၁၀၉)၊ (၁၁၀)၊ (၁၁၁)၊ (၁၁၃)၊ (၁၁၄)၊ (၁၁၉)၊ (၁၂၇)၊ (၁၂၈)၊ (၁၂၉)၊ (၁၃၀)၊ (၁၃၄)၊ (၁၃၆)၊ (၁၃၈)၊ (၁၃၉)၊ (၁၄၂)၊ (၁၄၉)၊ (၁၅၂)၊ (၁၅၄)၊ (၁၅၇)၊ (၁၅၈)၊ (၁၅၉)၊ (၁၆၀)၊ (၁၆၄)၊ (၁၆၅)၊ (၁၆၆)၊ (၁၆၇)၊ (၁၆၉)၊ (၁၇၀)၊ (၁၇၂)၊ (၁၇၇)၊ (၁၇၉)၊ (၁၈၀)၊ (၁၈၃)၊ (၁၈၄)၊ (၁၈၆)၊ (၁၈၇)၊ (၁၈၈)၊ (၁၉၉)၊ (၂၀၁)၊ (၂၀၂)၊ (၂၀၉)၊ (၂၁၁)၊ (၂၁၃)၊ (၂၁၄)၊ (၂၂၇)၊ (၂၂၈)၊ (၂၂၉)၊ (၂၃၀)၊ (၂၃၁)၊ (၂၃၂)၊ (၂၃၇)၊ (၂၄၁)၊ (၂၄၉)၊ (၂၅၀)၊ (၂၅၃)၊ (၂၅၅)၊ (၂၅၆)၊ (၂၆၂)၊ (၂၆၄)၊ (၂၆၉)၊ (၂၇၄)၊ (၂၇၆)၊ (၂၇၉)၊ (၂၈၁)၊ (၂၈၂)၊ (၂၈၃)၊ (၂၉၁)၊ (၂၉၃)၊ (၂၉၆)၊ (၃၀၀)၊ (၃၀၂)၊ (၃၀၃)၊ (၃၀၅)၊ (၃၀၆)၊ (၃၀၇)၊ (၃၀၈)၊ (၃၀၉)၊ (၃၁၀)၊ (၃၁၆)၊ (၃၁၇)၊ (၃၂၄)၊ (၃၆၅)၊ (၃၇၀)နှင့် (၄၀၀)၊ မန္တလေးဇုန်တွင် ဖြေဆိုသည့်အမှတ်စဉ် (၆)၊ (၇)၊ (၉)၊ (၁၀)၊ (၁၄)၊ (၁၅)၊ (၁၈)၊ (၁၉)၊ (၂၂)၊ (၂၄)၊ (၂၅)၊ (၂၆)၊ (၃၀)၊ (၃၂)၊ (၃၄)၊ (၃၇)၊ (၃၈)၊ (၄၀)၊ (၄၁)၊ (၄၂)၊ (၄၉)၊ (၅၀)၊ (၅၉)၊ (၆၃)၊ (၇၁)၊ (၇၆)၊ (၈၁)၊ (၈၂)၊ (၈၅)၊ (၉၃)၊ (၉၄)၊ (၁၀၀)၊ (၁၀၁)၊ (၁၀၂)နှင့် (၁၀၇)တို့ဖြစ်ပြီး အဆိုပါပုဂ္ဂိုလ်များသည် နေပြည်တော် နိုင်ငံတော်အားကစားလေ့ကျင့်ရေးစခန်း (ရွှေကြာပင်)သို့ မတ်လ ၁၀ ရက်အရောက် လာရောက်သတင်းပေးပို့ရန်နှင့် ဖုန်း-၀၆၇-၄၀၆၁၈၂၊ ၄၀၆၄၅၉သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘ၀အမောပြေ **အာကာဟိန်း–ရေးသားသည်**

စေတနာနဲ့ပါ

ရှေးဟောင်းပြတိုက်အတွင်းကြည့်ရှုလေ့လာပြီး ထွက်လာသောမူလတန်းအရွယ် ကလေးငယ်တစ်ဦးကို တံခါးပေါက်၌ လုံခြုံရေးဝန်ထမ်းက မေးမြန်းလေသည်။

လုံခြုံရေး ။ ။ **ကလေးလက်ထဲကပစ္စည်းကို ပြပါ။**
ကလေးငယ် ။ ။ ဟုတ်ကဲ့။
လုံခြုံရေး ။ ။ **ဟာ…ကျောက်တုံးအပိုင်းအစတစ်ခုပဲ။**
ကလေးငယ် ။ ။ ဟုတ်တယ်လေ။
လုံခြုံရေး ။ ။ **ဒီကျောက်တုံးပေါ်မှာ စာရေးပြီးကပ်ထားတာ မတွေ့ဘူးလား၊ လွန်ခဲ့တဲ့နှစ် ၃၀၀၀ ခန့်က ကျောက်တုံးအပိုင်းအစဆိုတာ‥။**
ကလေးငယ် ။ ။ စာရေးထားတာတွေ့ပါတယ်။
လုံခြုံရေး ။ ။ **ဒါဆိုရင်‥ဘာဖြစ်လို့ယူလာရတာလဲ။**
ကလေးငယ် ။ ။ လွန်ခဲ့တဲ့နှစ် ၃၀၀၀ ကဆိုတော့ အရမ်းဟောင်းနေပြီလေ‥ လွှင့်ပစ်ပြီး ကျောက်ခဲအသစ်တစ်လုံးနဲ့ လဲပေးမလို့ပါ။
လုံခြုံရေး ။ ။ **“ဟောဗျာ”**

ဖေဖော်ဝါရီ ၁၇ ရက်က ယာဉ်မတော်တဆဖြစ်ပွားမှုများလျော့နည်းပပျောက်စေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှု ရှိ မရှိကို ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ သာယာဝတီခရိုင်ဦးစီးမှူး ဦးဌေးဝင်း၊ ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမြင့်စိုး၊ ယာဉ်ထိန်းရဲတပ်ဖွဲ့တာဝန်ခံ ရဲအုပ်အေးမြင့်နှင့်အဖွဲ့ သာယာဝတီမြို့နယ် ရန်ကုန်-ပြည်လမ်းမပေါ်တွင် ရှောင်တခင်စစ်ဆေးကြစဉ်။ (ကုန်းလမ်းပို့ဆောင်ရေး)

ခြေလက်များအစားထိုးမှု တူရကီ၌အောင်မြင်

ချိုချိုပြုံး - ရေးသားသည်

အန်ကာရာ ဖေဖော်ဝါရီ ၂၅

တူရကီနိုင်ငံ မြို့တော်အန်ကာရာရှိ ဟက်ဆက်တီပီတက္ကသိုလ်ဆေးရုံ၌ ကမ္ဘာပေါ်တွင် ပထမဆုံးခြေနှစ်ဖက် လက်နှစ်ဖက် အစားထိုးခွဲစိတ်ကုသမှုကို ဖေဖော်ဝါရီ ၂၄ ရက်၌ပြုလုပ်ခဲ့ကြောင်း အနာတိုလီယာသတင်းဌာနမှ ဖေဖော်ဝါရီ ၂၅ ရက်၌ သတင်းထုတ်ပြန်သည်။ ၎င်းခွဲစိတ်ကုသမှုမှာ သေဆုံးသွားသောခန္ဓာကိုယ်အလှူရှင်တစ်ဦး၏ ခြေနှစ်ဖက်နှင့်လက်နှစ်ဖက်ကိုယူ၍ လူနာအား အစားထိုးခွဲစိတ်ကုသခြင်းဖြစ်ကြောင်း၊ ယင်းခွဲစိတ်ကုသမှုအား ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းက စတင်ခဲ့ကြောင်း ဒေါက်တာ မူရက်တွန်ဆာက ပြောကြားသည်။ ၎င်းအလှူရှင်၏မျက်နှာကိုလည်း အခြားလူနာတစ်ဦးအား အစားထိုးကုသနိုင်လိမ့်မည်ဟု ၎င်းဆရာဝန်က ထပ်မံပြောကြားသည်။ ယင်းခွဲစိတ်ကုသမှုနှစ်ခုကို ဖေဖော်ဝါရီ ၂၄ ရက် ညပိုင်းအထိ ဆက်လက်ပြုလုပ်ခဲ့ကြောင်း၊ အောင်မြင်မှုရရှိခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

ခရီးသည်နှင့် ကုန်စည်များ ပို့ဆောင်ပေးနိုင်ရန်နှင့် ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုရန် စစ်တောင်းမြစ်ကိုဖြတ်ကျော်တည်ဆောက်ပေးထားသည့် စစ်တောင်းမြစ်ကူးတံတား(ရွှေကျင်-မဒေါက်)

- ❒ ရွှေကျင်မြို့နှင့် မဒေါက်မြို့တို့အကြားစီးဆင်းနေသော စစ်တောင်းမြစ်ကိုဖြတ်ပြီး ပေါင်းကူးဆက်သွယ်ထားသည့် တံတားဖြစ်သည်။
- ❒ ဤတံတားကြီးကို ဖွင့်လှစ်လိုက်ခြင်းကြောင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးမှနေ၍ ညောင်လေးပင်- မဒေါက်လမ်းအတိုင်း ရွှေကျင်မြို့သို့ အချိန်တိုအတွင်း အလွယ်တကူသွားရောက်နိုင်သည်။
- ❒ ယခင်က ရွှေကျင်ဒေသမှ စစ်တောင်းမြစ်ကို စက်တပ်လှေ၊ လက်လှော်လှေများဖြင့်သာ ဖြတ်သန်းရပြီး ရေလမ်းကို အန္တရာယ်ရှိစွာဖြင့် အချိန်ကုန်လူပင်ပန်းစွာ ကူးသန်းခဲ့ရသည်။ ယခုအခါ ထိုဒုက္ခများမှ လွတ်ကင်းသွားပြီဖြစ်သည်။
- ❒ မိုင် ၁၀၀ ကျော်ကွာဝေးသည့် ရန်ကုန်မြို့သို့ ညအိပ်ခရီးသွားလာခဲ့ကြရာမှ ယခုအခါ အချိန်မရွေးနေ့ချင်းပြန် သွားလာနိုင်ကြပြီဖြစ်သည်။
- ❒ ယခင်က ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် အဆင့်ဆင့်သယ်ယူနေရ၍ စရိတ်စကများ ကြီးမားလှပြီး ကုန်ဈေးနှုန်းမတည်မငြိမ်ဖြစ်ခဲ့ရသည်။ ယခုအခါ ဤတံတားကြီးကြောင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ခဲ့ပြီး ကုန်ဈေးနှုန်းတည်ငြိမ်လာကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုခဲ့သည်။

တံတားအချက်အလက်များ

၁။ တံတားအပေါ်ထည်ကို ကြိုတင်အားဖြည့်ကွန်ကရစ်နှင့် သံကူကွန်ကရစ်တို့ဖြင့် တည်ဆောက်ထားပြီး တံတားအောက်ထည်မှာ သံကူကွန်ကရစ် အမျိုးအစားဖြစ်သည်။

၂။ တံတား၏ အုတ်မြစ်တိုင်များကို သံကူကွန်ကရစ်ပိုင်များဖြင့် တည်ဆောက်ထားသည်။

၃။ တံတား၏စုစုပေါင်းအရှည်မှာ ပေ ၁၅၀၀ ရှိသည်။ ယာဉ်သွားလမ်း အကျယ် ၂၈ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် လေးပေစီရှိသည်။

၄။ တံတားအောက်ရေလမ်းကင်းလွတ်နယ်မှာ အကျယ်ပေ ၈၀ နှင့် အမြင့် ၁၂ ပေ ရှိသည်။

၅။ ယာဉ်တစ်စီးချင်းခွင့်ပြုအလေးချိန်တန် ၆၀ ဖြစ်သည်။

၆။ ၅-၁၂-၂၀၀၀ ပြည့်နှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၁-၂-၂၀၀၃ နေ့တွင် ဖွင့်လှစ်ခဲ့သည်။

သတင်းမှတ်စု - မောင်ငြိမ်းအေး

ရခိုင်ပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့) ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး(ဒုတိယနေ့)ကို ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၁၀ နာရီတွင် ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထိန်လင်းနှင့် လွှတ်တော်ကိုယ်စားလှယ် (၄၃)ဦးတို့ တက်ရောက်ကြသည်။ **(အောက်ပုံ)**

အစည်းအဝေးတွင် မေးခွန်း(၁၂) ခုကို မေးမြန်းဖြေကြားခြင်း၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ဒေသန္တရစီမံကိန်းဥပဒေကြမ်း၊ ၂၀၁၂ ခုနှစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့်ပတ်သက်၍ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ရှင်းလင်းတင်ပြခြင်းတို့ကို ဆောင်ရွက်ကြပြီး အစည်းအဝေးကို မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

▲ ကျောဖုံးမှ

ဒုတိယပိုင်းပြန်စသည်နှင့် ချယ်လ်ဆီးတို့ ဘော်လ်တန်နောက်တန်းကို တစ်ချိန်လုံး ဖိကစားခဲ့ရာ ပွဲချိန် ၄၆ မိနစ်မှာပင် ဒေးဗစ်လုဇ်က ဘော်လ်တန်ဂိုးဧရိယာအတွင်းမှ အမြောက်ကန်သွင်းလိုက်ရာ ဘော်လ်တန်ဂိုးသမား ပြင်ဆင်ချိန်မရလိုက်ဘဲ ဂိုးပေးလိုက်ရသည်။ ချယ်လ်ဆီးအသင်းအတွက် ဒုတိယအနိုင်ဂိုးကို တိုက်စစ်မှူး ဒရော့ဘာက ခေါင်းတိုက်ဂိုးဖြင့် သွင်းယူပေးခဲ့သည်။ တတိယအနိုင်ဂိုးကိုတော့ လမ်းပတ်က ပွဲချိန် ၇၉ မိနစ်တွင် သွင်းယူခဲ့သည်။ ချယ်လ်ဆီးတို့ ယင်းပွဲတွင် အနိုင်ရလိုက်သဖြင့် အမှတ်ပေးဇယား စတုတ္ထနေရာ၌ ရပ်တည်လျက်ရှိသည်။

နယူးကာဆယ်နှင့် ဝုဗ်အသင်းတို့ ကစားရာမှာတော့ တစ်ဖက်နှစ်ဂိုးစီ သရေပွဲဖြစ်သွားသည်။ ဖူလ်ဟမ်က ကျူပီအာအိမ်ကွင်းတွင် တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်လိုက်သည်။ ဝက်စ်ဘရွန်းက အိမ်ကွင်းတွင် ဆန်းဒါးလန်းကို သုံးဂိုးပြတ်နှင့်နိုင်ခဲ့သည်။ ဝီဂန်နှင့် အက်စ်တွန်ဗီလာတို့ ကစားရာတွင် ဂိုးမရှိသရေပွဲဖြစ်သွားခဲ့သည်။ ***(အင်တာနက်)***

✻ ကျောဖုံးမှ

ရုပ်ရှင်မင်းသမီး ဂျင်နီဖာလိုပက်ဇ်

"ဒီနှစ် ရုပ်ရှင်အော်စကာရွေးချယ်ချီးမြှင့်ပွဲကို တက်ရောက်မှာပါ။ အဆိုတော်နဲ့ သရုပ်ဆောင်အလုပ်တွေ ပူးတွဲလုပ်နေတဲ့အပြင် စီးပွားရေးလုပ်ငန်းတွေလည်း လုပ်ကိုင်နေပါတယ်။ အော်စကာဆုတော့ မရရှိသေးပေမယ့် အနုပညာနဲ့ပတ်သက်တဲ့ဆုပေါင်း ၁၁ ဆု ရရှိထားပြီးဖြစ်ပါတယ်။ ကနဦးတုန်းကတော့ ဒီနှစ် အော်စကာဆုရွေးချယ်ချီးမြှင့်ပွဲမှာ အစီအစဉ်တင်ဆက်သူအဖြစ် ကမ်းလှမ်းခဲ့ပေမယ့် မလုပ်ဖြစ်တော့ပါဘူး။ လက်ရှိအချိန်မှာ Love? ဇာတ်ကားမှာပါဝင် သရုပ်ဆောင်ထားပါတယ်။

ရုပ်ရှင်မင်းသမီး ကိတ်ဝင်းစလက်

"(၈၄)ကြိမ်မြောက် ရုပ်ရှင်အော်စကာ ဆုချီးမြှင့်ပွဲကို တက်ရောက်မှာဖြစ်ပါတယ်။ အခုအချိန်အထိ အော်စကာဆုအတွက် နောက်ဆုံးအမည်စာရင်း ရွေးချယ်ခံရမှုက ခြောက်ကြိမ်ရှိပါတယ်။ ၂၀၀၈ ခုနှစ် ရုပ်ရှင်အော်စကာဆုချီးမြှင့်ပွဲမှာ The Reader ဇာတ်ကားနဲ့ အမျိုးသမီးသရုပ်ဆောင်ဆုရရှိခဲ့တာပါ။ ဒီနှစ်မှာ ရုပ်ရှင်မင်းသမီး မာရယ်စတိပ်နဲ့ ရုပ်ရှင်မင်းသား ဂျော့ကလူနေတို့ အော်စကာဆုတွေ ရသွားနိုင်တယ်လို့ ထင်ပါတယ်"။ ။

(အင်တာနက်)

သစ်သီးဝလံအမျိုးမျိုးအပါအဝင် ဥယျာဉ်ခြံထွက်သီးနှံနှင့်ပစ္စည်းများ၏ ပြည်ပပို့ကုန် ရောင်းရငွေအပေါ် စည်းကြပ်ကောက်ခံသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ကင်းလွတ်ခွင့်ပြုသည့် အမိန့်ကြော်ငြာစာထုတ်ပြန်

နေပြည်တော် ဖေဖော်ဝါရီ ၂၅

နိုင်ငံတော်၏ပြည်ပပို့ကုန်တိုးမြှင့်ရေးကို အားပေးသည့်အနေဖြင့် သစ်သီးဝလံအမျိုးမျိုးအပါအဝင် ဥယျာဉ်ခြံထွက်သီးနှံနှင့်ပစ္စည်းများ၏ပြည်ပပို့ကုန် ရောင်းချငွေအပေါ် စည်းကြပ်ကောက်ခံသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ကင်းလွတ်ခွင့်ပြုသည့် ၂၄-၂-၂၀၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၈/၂၀၁၂ အား ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ပြီး အဆိုပါ အမိန့်ကြော်ငြာစာအရ ကင်းလွတ်ခွင့်ပြုသည့်ကာလမှာ ၁-၃-၂၀၁၂ ရက်မှ ၁၄-၈-၂၀၁၂ ရက်အထိဖြစ်သည်။

ထုတ်ပြန်

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဃ)တွင် အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဖေဖော်ဝါရီ ၂၃ ရက်တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၈/၂၀၁၂)၏ သဘောတူ ခွင့်ပြုချက်အရ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်ခြင်းဖြစ်သည်။

အဆိုပါ အမိန့်ကြော်ငြာစာကို ထုတ်ပြန်ပေးခြင်းအားဖြင့် ပြောင်းလဲလာသည့် နိုင်ငံတော်၏ မူဝါဒများနှင့်အညီ ပို့ကုန်တင်ပို့ရောင်းချသူများအနေဖြင့် အခွန်ဝန်ထုပ် ဝန်ပိုးလျော့ကျသွားပြီး နိုင်ငံတကာဈေးကွက်တွင် မြန်မာနိုင်ငံမှတင်ပို့သည့် ပို့ကုန်များ ဈေးနှုန်းအရ ပိုမိုပြိုင်ဆိုင်လာနိုင်စေခြင်း၊ ပို့ကုန်သီးနှံများ၏ ပြည်ပတင်ပို့မှုအား အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ခြင်းနှင့် တောင်သူများက သင့်တင့်မျှတသည့်ဈေးနှုန်းဖြင့် ရောင်းချသွားနိုင်မည်ဖြစ်ခြင်းစသော အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း နိုင်ငံတကာသတင်း နိုင်ငံတကာသတင်း

အမေရိကန် အက်ဖ်-၃၅ ဂျက်တိုက်လေယာဉ်များ ဂျပန်နိုင်ငံကဝယ်ယူရေးဆွေးနွေး

ဝါရှင်တန် ဖေဖော်ဝါရီ ၂၅

ဂျပန်နိုင်ငံက အမေရိကန်ထံမှ အက်ဖ်-၃၅ ဂျက်တိုက်လေယာဉ် ၄၂ စင်းဝယ်ယူကာ ဂျပန်လေတပ်အင်အားမြှင့်တင်ရေးစီမံချက်ကို ဂျပန်နှင့်အမေရိကန်အရာရှိများဆွေးနွေးခဲ့ကြကြောင်း အမေရိကန်နိုင်ငံခြားရေးဌာနက ဖေဖော်ဝါရီ ၂၄ ရက်က ကြေညာသည်။

အမေရိကန်နိုင်ငံခြားရေးဌာနတွင် ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဟီဒီယိုဆူဇူကီးနှင့် အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး အင်ဒရူးရှာပီရိုတို့တွေ့ဆုံစဉ် နှစ်နိုင်ငံအကြားနိုင်ငံရေးရာများဆွေးနွေးရာတွင် အက်ဖ်-၃၅ ဂျက်တိုက်လေယာဉ်ဝယ်ယူရေးကိစ္စမှာ အဓိကအကြောင်းအရာတစ်ရပ်အဖြစ် ပါဝင်ခဲ့သည်။ **(အပေါ်ပုံ)**

နှစ်နိုင်ငံတာဝန်ရှိသူနှစ်ဦးသည် ကာကွယ်ရေးနည်းပညာ၊ သုတေသန၊ ပူးတွဲစီမံကိန်း၊ လေ့ကျင့်ရေးနှင့်သင်တန်းပေးရေးနယ်ပယ်များတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုခိုင်မာရေး ကြိုးပမ်းမှုများကိုလည်း ဆွေးနွေးခဲ့ကြကြောင်းသိရသည်။ **(အင်တာနက်)**

စီချွမ်ပြည်နယ်၌ ငလျင်ကြောင့်ပျက်စီးမှု ပြန်လည်တည်ဆောက်ပြီးစီး

ပေကျင်း ဖေဖော်ဝါရီ ၂၅

၂၀၀၈ ခုနှစ် မြေငလျင်လှုပ်မှုကြောင့် အကြီးအကျယ်ပျက်သုဉ်းခဲ့သည့် တရုတ်နိုင်ငံအနောက်တောင်ပိုင်း စီချွမ်ပြည်နယ် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းမှာ ပြီးဆုံးသွားပြီဖြစ်ကြောင်း စီချွမ်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဝေဟောင်က ဖေဖော်ဝါရီ ၂၄ ရက်တွင် ပြောကြားသည်။

ပြည်နယ်ပြန်လည်တည်ဆောက်ရေးကော်မတီရုံး ညွှန်ကြားရေးမှူးလည်းဖြစ်သူ ပြည်နယ်ဒုတိယ အုပ်ချုပ်ရေးမှူး ဝေဟောင်က သတင်းစာရှင်းလင်းပွဲတွင် အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။ ပြန်လည်တည်ဆောက်ရေးနှင့်ဆိုင်သော စီမံကိန်းများ၏ ၉၉ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း ၎င်းကပြောကြားသည်။ ၂၀၀၈ခုနှစ် မေလက စီချွမ်ပြည်နယ်နှင့်အနီးရှိ ကျန်စုနှင့် ရှန်ဇီပြည်နယ်တို့တွင် အကြီးအကျယ် မြေငလျင်လှုပ်မှုကြောင့် ပြည်သူ ၈၀၀၀၀ ကျော်သေဆုံးပြီး လူနေအိမ်သန်းချီ၍ ပျက်စီးခဲ့သည်။ **(အင်တာနက်)**

ပါကစ္စတန်ရဲစခန်းအကြမ်းဖက်မှု တပ်ဖွဲ့ဝင်သုံးဦးသေဆုံး၊ ခြောက်ဦးဒဏ်ရာရ

အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၂၅

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း ပက်ရှ်ဝါမြို့တွင် ဖေဖော်ဝါရီ ၂၄ ရက် စောစောပိုင်းက ရဲစခန်းကို အကြမ်းဖက်သမားများ တိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်သုံးဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိခဲ့ကြောင်း ရဲအရာရှိတစ်ဦးက ပြောကြားသည်။ **(ယာပုံ)**

ဖောက်ခွဲသေဆုံး

ရဲတပ်ဖွဲ့ဝင်များနှင့်အကြမ်းဖက်သမားများ နှစ်နာရီကြာတိုက်ပွဲဖြစ်ပွားပြီးနောက် အကြမ်းဖက်သမားသုံးဦးသည် ကိုယ့်ကိုယ်ကို ဖောက်ခွဲသေဆုံးသွားကြသည်ဆို၏။

အကြမ်းဖက်သမားများသည် ခေတ်မီလက်နက်များကိုင်ဆောင်ပြီး ရဲစခန်းအတွင်းသို့ ဖေဖော်ဝါရီ ၂၄ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီခန့်က ဝင်ရောက်တိုက်ခိုက်သဖြင့် တိုက်ပွဲစတင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယင်းသို့ တိုက်ခိုက်ခြင်းမှာ မည်သည့်အဖွဲ့၏လက်ချက်ဖြစ်ကြောင်း ယခုအထိ ထုတ်ဖော်ကြေညာခြင်းမရှိသေးဟု ဆိုသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းပဒေသာအတိုအထွာ ၂၅-၂-၂၀၁၂

တင်မောင်လွင် – စုစည်းသည်

ဟောင်ကောင်တွင် လောင်စာဆီဈေးနှုန်းမြင့်မားမှုကြောင့် လေယာဉ်လက်မှတ်ဈေးနှုန်းများ တိုးမြှင့်သတ်မှတ်မည်

ဟောင်ကောင်ရှိ လေကြောင်းလိုင်းသုံးလိုင်းသည် လောင်စာဆီဈေးနှုန်းများမြင့်မားလာမှုကြောင့် လာမည့်မတ်လတွင် ၎င်းတို့၏ ခရီးသည်များအား လက်မှတ်ခများကို ခုနစ်ရာခိုင်နှုန်းကျော်အထိ တိုးမြှင့်သွားရန်အတွက် ဟောင်ကောင်လေကြောင်းဌာနမှ ခွင့်ပြုလိုက်ကြောင်း ဖေဖော်ဝါရီ ၂၄ ရက်က အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။

ဟောင်ကောင်ရှိ အဓိကလေကြောင်းလိုင်းသုံးလိုင်းဖြစ်သည့် အောနီပွန်လေကြောင်းလိုင်း၊ ကာသေးလေကြောင်းလိုင်းနှင့် စင်ကာပူလေကြောင်းလိုင်းများတွင် လာမည့် မတ်လ ၁ ရက်မှစ၍ အဆိုပါ လက်မှတ်ခဈေးနှုန်းများ အကျိုးသက်ရောက်သွားမည်ဖြစ်ကြောင်း၊ ယင်းလေကြောင်းလိုင်းသုံးလိုင်းသည် ခရီးတိုခရီးစဉ်များအတွက် အနည်းဆုံးအမေရိကန်ဒေါ်လာ ၂၉ ဒသမ ၆၉ ဒေါ်လာနှင့် ခရီးဝေးခရီးစဉ်များအတွက် အနည်းဆုံးအမေရိကန်ဒေါ်လာ ၁၃၃ ဒသမ ၉၇ ဒေါ်လာ သတ်မှတ်မည်ဖြစ်ပြီး ခုနစ်ရာခိုင်နှုန်းနှင့် ငါးရာခိုင်နှုန်း အသီးသီးတိုးမြှင့်မည်ဖြစ်ကြောင်း အဆိုပါဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။

အိန္ဒိယလေတပ်မှ တိုက်လေယာဉ်ပျက်ကျ လေယာဉ်မှူးနှင့်တွဲဖက်လေယာဉ်မှူးတို့ အသက်ဘေးမှလွတ်

အိန္ဒိယလေတပ်မှ မီရပ်ချ်တိုက်လေယာဉ်တစ်စင်း နိုင်ငံအလယ်ပိုင်း မဒရာပရာဒေ့ရှ်ပြည်နယ်အတွင်း ဖေဖော်ဝါရီ ၂၄ ရက်က ပျက်ကျသော်လည်း လေယာဉ်မှူးနှင့်တွဲဖက်လေယာဉ်မှူးတို့ ခုန်ထွက်ကာ အသက်ဘေးမှ လွတ်မြောက်သွားကြောင်း ပြည်နယ်ရုပ်မြင်သံကြားဌာနက ကြေညာသည်။

မဒရာပရာဒေ့ရှ်ပြည်နယ် ဘိုင်းဒေသ၌ လေယာဉ်ပျက်ကျစဉ် လေယာဉ်မှူးရတ်ကူးမားနှင့် တွဲဖက်လေယာဉ်မှူးအနီချိုပရာတို့က လေယာဉ်အတွင်းမှ ခုန်ထွက်ပြီး လေထီးနှင့် မြေပြင်သို့ ဆင်းသက်ခဲ့ကြသည်။ လေယာဉ်မှူးများအား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းစတင်နေပြီဖြစ်ကြောင်း အဆိုပါရုပ်မြင်သံကြားဌာနမှ ကြေညာခဲ့သည်။

အမေရိကန်နိုင်ငံ နယူးဂျာစီတွင်မီးလောင်၊ ငါးဦးသေဆုံး

အမေရိကန်နိုင်ငံ နယူးဂျာစီပြည်နယ်တွင် ဖေဖော်ဝါရီ ၂၃ ရက် နံနက်က မီးလောင်မှုဖြစ်ပွားရာ လူငါးဦးသေဆုံးပြီး အခြားလေးဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသအာဏာပိုင်များက အတည်ပြုပြောကြားခဲ့သည်။ အဆိုပါ မီးလောင်မှုသည် နယူးဂျာစီတောင်ပိုင်းရှိ မိသားစုဝင်များစုပေါင်းနေသည့် နေအိမ်တစ်လုံးမှ ယင်းနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲမှ ညနေ ၃ နာရီအတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ သေဆုံးသူများမှာ ယင်းအိမ်မှမိသားစုဝင်များဖြစ်ကြောင်း မစ်ဒယ်ဆက်စီရင်စုမှ အစိုးရရှေ့နေတစ်ဦးက ပြောကြားခဲ့သည်။ အဆိုပါမီးလောင်မှုသည် နေအိမ်ပထမထပ်မှ စတင်လောင်ကျွမ်းခြင်းဖြစ်ပြီး မီးတောက်များမှာ အမိုးထိအောင် လွှမ်းမိုးသွားခဲ့ကြောင်း၊ နေအိမ်အများအပြားပျက်စီးသွားခဲ့ကြောင်း အနီးဝန်းကျင်နေထိုင်သူများက မီဒီယာများသို့ ပြောကြားခဲ့သည်။ မီးလောင်ရသည့်အကြောင်းကို စုံစမ်းစစ်ဆေးလျက်ရှိသည်ဟု ဆိုသည်။ *(အင်တာနက်)*

26-2 (06).pmd 1 2/26/2012, 3:36 AM

မျိုးဆက်သစ်အားကစားသမားများအား ရွေးချယ်၍ စခန်းသွင်းလေ့ကျင့်ပေး နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများ ပေါ်ထွန်းလာအောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ရန်ကုန်တိုင်းဒေသကြီး ဒဂုံတက္ကသိုလ်မှ နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင် အားကစားသမားများ ထွက်ပေါ်လာရေးနှင့်ဒဂုံတက္ကသိုလ်ရှိ အားကစားလုပ်ငန်းများကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေး အစီအစဉ်များ ပူးပေါင်းဆောင်ရွက်ရန်အတွက် ဆွေးနွေးပွဲကို ယနေ့နံနက် ၁၁ နာရီတွင် ဒဂုံတက္ကသိုလ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက နိုင်ငံ့ဂုဏ်ဆောင်နိုင်သော အားကစားသမားကောင်းများ ပေါ်ထွန်းလာရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အားကစားကွင်း/အားကစားရုံ လုံလောက်မှုနှင့်ကွင်းကြံ့ခိုင်မှု အခြေအနေ၊ ဘောလုံးအဆက်မပြတ် ယှဉ်ပြိုင်မှု အခြေအနေနှင့် ဘောလုံးကွင်းရှိ ဂိုးတိုင်၊ ပွဲကြည့်စင် Score board များ အခြေအနေ၊ အားကစားနည်းများအတွက် အားကစားပစ္စည်းထောက်ပံ့ပေးနိုင်မှုနှင့် ပြိုင်ပွဲများစီစဉ်ဆောင်ရွက်မှုများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားပြီး တက္ကသိုလ်အားကစားဆပ်ကော်မတီများမှ တာဝန်ရှိသူများက လိုအပ်သည်များကို တင်ပြဆွေးနွေးကြသည်။

ယင်းနောက် တာမွေမြို့နယ် ကျိုက္ကဆံ အားကစားကွင်း အားကစားနှင့် ကာယပညာသိပ္ပံရှိ တစ်ထပ်စာသင်ကျောင်း တည်ဆောက်ပြီးစီးမှုနှင့် ဆောက်လုပ်ဆဲ အားကစားလေ့ကျင့်ရေး အဆောင်ကို ကြည့်ရှုစစ်ဆေးကာ ညနေ ၃ နာရီတွင် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသော (၁၁)ကြိမ်မြောက် အရှေ့တောင် အာရှကာယဗလတံခွန်စိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြင့်ဆွေနှင့် ကမ္ဘာ့ကာယဗလအဖွဲ့ချုပ်နှင့် အာရှကာယဗလအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး Mr. Datuk Paul Chua တို့က နှုတ်ခွန်းဆက်စကားပြောကြားကြပြီး ကမ္ဘာ့ကာယဗလအဖွဲ့ချုပ်နှင့် အာရှကာယဗလအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး Mr. Datuk Paul Chua က ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်တို့အား ဂုဏ်ထူးဆောင်ဆုတံဆိပ်များ ပေးအပ်သည်။ ဆက်လက်၍ အရှေ့တောင်အာရှကာယဗလအဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. Douglas Latchford က ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးက (၁၁)ကြိမ်မြောက် အရှေ့တောင်အာရှကာယဗလတံခွန်စိုက်ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲများကို ဆက်လက်ကြည့်ရှုအားပေးပြီး ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက (၅၅)ကီလိုတန်းတွင် ပထမ ဇော်ဝမ်း(မြန်မာ)၊ ဒုတိယ သန်းဝင်း(မြန်မာ)၊ တတိယ Bui Van Vien (ဗီယက်နမ်) တို့အား လည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ပထမ ထွန်းမင်း(မြန်မာ)၊ ဒုတိယ Jefry J. Wuaten (အင်ဒိုနီးရှား)၊ တတိယ Ammuay Chuamuangphan (ထိုင်း)၊ စတုတ္ထ Nguyen Anh Thong (ဗီယက်နမ်)၊ ပဉ္စမ သန်းနိုင် (မြန်မာ)တို့အား လည်းကောင်း၊ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်က (၆၅)ကီလိုတန်းတွင် ဆုရရှိသူများအား လည်းကောင်း၊ တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ထွန်းဦးက (၇၀)ကီလိုတန်းတွင် ဆုရရှိသူများအား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါပြိုင်ပွဲသို့ ပြိုင်ပွဲဝင် နိုင်ငံ ခုနစ်နိုင်ငံမှ အားကစားသမားစုစုပေါင်း ၄၀ ပါဝင်ယှဉ်ပြိုင်ကြပြီး မြန်မာနိုင်ငံ အနေနှင့် (က)အသင်းတွင် ရှစ်ဦး၊ (ခ) အသင်းတွင် ရှစ်ဦး စုစုပေါင်း ၁၆ဦးဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

ဆုပေးအပ်ချီးမြှင့်

မြန်မာ နိုင်ငံ အမျိုးသား အားကစား ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း (၁၁) ကြိမ်မြောက် အရှေ့တောင် အာရှ ကာယဗလ တံခွန်စိုက် ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း မှုခင်းသတင်း ၂၅-၂-၂၀၁၂

သဃ်န်းကျွန်း၌ ယာဉ်တိုက်မှုဖြစ်၊ ယာဉ်မောင်းသူတိမ်းရှောင်

ဖေဖော်ဝါရီ ၂၃ ရက် နံနက်စောစောပိုင်းအချိန်က သဃ်န်းကျွန်းမြို့နယ် သွပ်ဝိုင်းကြီးရပ်ကွက် သံသုမာလမ်း သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်အနီး၌ လူငယ်တစ်ဦး ယာဉ်ဖြင့်တိုက်မိကာ သေဆုံးမှု ဖြစ်ပွားခဲ့သည်။

စစ်ဆေးလျက်ရှိ

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၂နာရီ မိနစ် ၃၀ခန့်တွင် မောင်--- သည် သူငယ်ချင်းများနှင့်အတူ သွပ်ဝိုင်းကြီးရပ်ကွက် နေထိုင်ရာ အဆောင်မှထွက်၍ ထမင်းကြော်ဝယ်စားပြီး အဆောင်သို့အပြန်တွင် သဃ်န်းကျွန်းဘက်မှ သုဝဏ္ဏဘက်သို့ သံသုမာလမ်းအတိုင်း မောင်းလာသော ယာဉ်အမှတ် (၂ခ/. . .)က နောက်ဘက်မှဝင်တိုက်ပြီး မောင်းပြေးတိမ်းရှောင်သွားခဲ့သည်။ ယာဉ်တိုက်မှုကြောင့် မောင်--- ဦးခေါင်း၌ ဒဏ်ရာပြင်းထန်စွာရရှိခဲ့သဖြင့် တာဝန်ရှိသူများနှင့် ပြည်သူများက သဃ်န်းကျွန်း စံပြဆေးရုံကြီးသို့ တင်ပို့ကုသရာမှ ဆေးရုံတွင် သေဆုံးခဲ့သည်။ အဆိုပါ ယာဉ်တိုက်မှုနှင့်ပတ်သက်၍ သုဝဏ္ဏရဲစခန်းမှ စစ်ဆေးလျက်ရှိကြောင်း သိရှိရသည်။ (ဝ၂၅)

ကားနှင့် စက်ဘီးတိုက်မိ၊ စက်ဘီးစီးသူသေဆုံး

ဖေဖော်ဝါရီ ၂၁ ရက်က သဃ်န်းကျွန်းမြို့နယ် ၁၆/၄ ရပ်ကွက် သုမနဖြတ်လမ်းအတိုင်း အနောက်မှအရှေ့ဘက်သို့ မောင်းလာသော တောင်းအေ့ ကိုယ်ပိုင်ယာဉ်နှင့် သုမန(၁) လမ်းအတိုင်း မြောက်ဘက်မှတောင်ဘက်သို့ စီးနင်းလာသော စက်ဘီးတစ်စီးတို့သည် သုမန(၁)လမ်းထိပ်အရောက်တွင် မျက်နှာချင်းဆိုင်တိုက်မိရာ စက်ဘီးစီးလာသူအမျိုးသားမှာ နေရာတွင်ပင် ပွဲချင်းပြီးသေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၁ ရက် ညနေ ၃ နာရီ မိနစ် ၄၀ ချိန်ခန့်က သဃ်န်းကျွန်းမြို့နယ် ၁၆/၄ ရပ်ကွက် သုမန(၄)လမ်း နေ ယာဉ်မောင်း--- (၁၉)နှစ် မောင်းနှင်လာသော ၈ဃ/. . . တောင်းအေ့အဖြူရောင် ကိုယ်ပိုင်ယာဉ်သည် ၁၆/၄ ရပ်ကွက် သုမနဖြတ်လမ်းအတိုင်း အနောက်မှ အရှေ့ဘက်သို့ မောင်းနှင်လာစဉ် သုမန(၁) လမ်းထိပ်အရောက်၌ သုမန(၁) လမ်းအတိုင်း မြောက်ဘက်မှ တောင်ဘက်သို့ ဦး--- စီးလာသော စက်ဘီးနှင့် မျက်နှာချင်းဆိုင် အရှိန်ပြင်းစွာ တိုက်မိကြရာ စက်ဘီးစီးနင်းလာသူ ဦး---မှာ ဦးခေါင်းကြေမွပြီး နေရာတွင်ပင် သေဆုံးသွားသဖြင့် ယာဉ်မဆင်မခြင်မောင်းသူအား သဃ်န်းကျွန်း ရဲစခန်းမှ အရေးယူဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။ (ဝ၂၅)

မြန်မာ့အလင်း နိုင်ငံတကာသတင်း

ဆူနာမီဘေးမှရှောင်တိမ်းရန် ဂျပန်၌ အသက်ကယ်လှေများ တည်ဆောက်မည်

မချို-ရေးသားသည်

အိုဆာကာ ဖေဖော်ဝါရီ ၂၅

ဆူနာမီကဲ့သို့သော သဘာဝဘေးအန္တရာယ်များ ကျရောက်ပါက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အသက်ကယ်လှေများ ထူထောင်ရေး စီမံကိန်းသစ်ကို ဂျပန်နိုင်ငံတွင် ဒေသအာဏာပိုင်များက စတင်တည်ထောင်မည်ဖြစ်ကြောင်း ဂျပန်မီဒီယာများက ဖေဖော်ဝါရီ ၂၅ ရက်၌ ဖော်ပြသည်။

ယင်းစီမံကိန်းကို ဂျပန်နိုင်ငံ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာန လက်အောက်ရှိ ရှီကိုကူးကျွန်းဆိုင်ရာ ပို့ဆောင်ရေးလုပ်ငန်းမှ ပထမဆုံးဆောင်ရွက်မည်ဖြစ်သည်။ ရှီကိုကူးကျွန်း အရှေ့ဘက်ကမ်းရိုးတန်းတစ်လျှောက်သည် ပစိဖိတ်သမုဒ္ဒရာနှင့် တိုက်ရိုက်ထိစပ်နေပြီး ငလျင်ကြောင့်ဖြစ်ပေါ်လာနိုင်သည့် ဆူနာမီရေလှိုင်းဘေးမှ လွတ်မြောက်နိုင်ရန် အဆိုပါစီမံကိန်းကို အကောင်အထည်ဖော်ခြင်း ဖြစ်သည်။ စီမံကိန်းအရ တည်ဆောက်မည့် အသက်ကယ်လှေများမှာ အရှည် ၅ မီတာရှိမည်ဖြစ်ရာ ပလတ်စတစ်အမာခံဖန်နန်းမျှင်ဖြင့် ခိုင်ခံ့အောင် ပြုလုပ်မည်ဖြစ်သည်။ ဆူနာမီဒဏ်ခံရနိုင်သော ကမ်းရိုးတန်းတစ်လျှောက်ရှိ ပြည်သူပိုင်အဆောက်အအုံများဖြစ်သည့် စာသင်ကျောင်းများ၊ ဆေးရုံများ၊ အိမ်များနှင့် စီးပွားရေးအဆောက်အအုံများတွင် ၄င်းအသက်ကယ်လှေများကို ထားရှိမည်ဖြစ်ကြောင်း၊ အသက်ကယ် လှေတစ်စင်းတွင် လူ ၂၀ မှ ၅၀အထိ တင်ဆောင်နိုင်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

ဂျပန်နိုင်ငံအရှေ့ပိုင်းတွင် ပြီးခဲ့သည့်နှစ် မတ်လက အင်အားပြင်းငလျင်လှုပ်မှုကြောင့် ဆူနာမီရေလှိုင်းများဖြစ်ပေါ်ခဲ့ပြီး လူပေါင်း ၁၅၀၀၀ ကျော် သေဆုံးခဲ့ရသည်။ **(အင်တာနက်)**

ပေးအပ်လှူဒါန်း

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ပန်းတိမ်ရပ်နေ (အဖ) ဦးညွှန့်လွင်အား အမှူးထား၍ ဧရာဝတီမင်းမဟာကံထူးရှင် ထီဆိုင်ပိုင်ရှင် ဦးမြမောင်-ဒေါ်ထားထားနွယ်တို့က နှစ်ဖက်မိဘများအားရည်စူး၍ ထာဝရငွေပဒေသာပင် အလှူငွေ ကျပ်နှစ်သိန်းကို ရွှေသင်းဘိုးဘွားရိပ်သာ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌဦးရွှေ၊အတွင်းရေးမှူး ဦးငွေသိန်းတို့ထံ ပေးအပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း ဘဝအတွေး

အမြန်ပြန်လာပါ

ဇော်မျိုးဇော်

သတင်းစာပါ ကြော်ငြာနှစ်ခုကို ဖတ်မိပြီးနောက် ကျွန်တော့်ရင်ထဲ အတော်မကောင်းဖြစ်သွားသည်။ အမျိုးအမည် ဖော်မပြတတ်သော ခံစားမှုတစ်ခုကလည်း ကျွန်တော်၏အတွေးများကို ပိုမိုအမျှင်တန်းအောင် ဆွဲဆန့်နေသလို ခံစားနေရသည်။

တစ်ခုနှင့်တစ်ခု တစ်နေရာစီ ခြားနေပါလျှင် သတိမူမိမည် မဟုတ်သော်လည်း ဤကြော်ငြာနှစ်ခု၏ Display က အတော်ကို နီးကပ်နေသဖြင့် သတိထားမိခြင်း ဖြစ်ပါသည်။ သို့သော် ဤကြော်ငြာနှစ်ခုကြောင့် ကျွန်တော့်အတွေးအား ဆွဲဆန့်ခွင့်ရသည်ကိုတော့ ကျေးဇူးတင်မိပါသည်။

ပထမကြော်ငြာလေးက **အမွေပြတ် စွန့်လွှတ်ခြင်း။** ဤကြော်ငြာမျိုးမှာ အများအားဖြင့် မိဘနှင့် သားသမီးများ (အသက်ကြီးငယ်မရွေး) အကြားဖြစ်လေ့ရှိသည့် သဘောထားမတိုက်ဆိုင်မှု၊ မိဘဆိုဆုံးမမှုကိုမနာခံမှုထိုထက်ပိုပါက မိဘများအပေါ် ရိုင်းပျစွာဆက်ဆံမှုစသည့် အကြောင်းတရားများအပေါ် အခြေခံ၍ ပေါ်ပေါက်လေ့ရှိသည်။ ဤကြော်ငြာတွင် ကရုဏာဒေါသနှင့် အာဃာတတရားတို့ကို တွေ့ရသည်။ နောက်ကြော်ငြာလေးက **ကျေးဇူးဆပ်ပါမည်၊** တဲ့. . . ။

အကြောင်းအရာက အိမ်မှာ မွေးထားတဲ့ ခွေးကလေး မြေနီကုန်းပန်းခြံအနီး ပျောက်သွားသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်နှင့် ကျေးဇူးဆပ်ပါမည့်အကြောင်း ခွေးကလေး၏ ပုံသဏ္ဌာန်နှင့် အရွယ်ကို ဖော်ပြ၍ မေတ္တာရပ်ခံပန်ကြားထားသည့် ကြော်ငြာဖြစ်သည်။ ဤကြော်ငြာတွင် မေတ္တာတရားကို တွေ့ရသည်။

တစ်ချိန်က သားသမီးများဘဝကို ဖြတ်သန်းခဲ့သည့် ကျွန်တော်သည် ယခုအခါ သားတစ်ဦးအဖြစ်လည်းကောင်း၊ ဖခင်တစ်ဦးအဖြစ်လည်းကောင်း ဘဝဇာတ်ခုံပေါ်တွင် တာဝန်ယူကပြနေရပြီဖြစ်သည်။ ထိုအခါ မိဘများအပေါ် ဖြည့်ကျင့်ရမည့် သားသမီး ဝတ္တရားနှင့် သားသမီးများအပေါ် ပြုကျင့်ရမည့် မိဘဝတ္တရားတို့၏ နက်နဲမှုနှင့် ကြီးကျယ်မြင့်မြတ်မှုကို ပိုမိုနားလည်တန်ဖိုးထားလာရသည်။

"မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင် ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ"ဆိုသည့် မိဘဝတ္တရားသည် အလွန်ကြီးမားကျယ်ပြန့်ရုံမက သားသမီးများအပေါ် ဝတ္တရားငါးပါးလုံး ပြည့်စုံအောင်ပြုကျင့် ဖြည့်ဆည်းပေးရာတွင်လည်း အသက်အရွယ် အပိုင်းအခြား၊ အချိန်ကာလ ကန့်သတ်ချက်မရှိ၊ ရှည်လျားလှပါဘိ။ လောကကို စွန့်ခွာချိန်မတိုင်မီ နောက်ဆုံးအချိန်အထိပင် သားသမီးများအပေါ်ထားရှိသော စေတနာ မေတ္တာတရားမှာ ဘာနှင့်မျှ နှိုင်းမရအောင် ကြီးမားလှပေစွ။

မိဘတို့၏ ဆိုဆုံးမမှုများသည် သားသမီးတို့၏ သဘောထားနှင့် မည်မျှပင်မတိုက်ဆိုင်ဟု ဆိုစေကာမူ ထိုဆိုဆုံးမမှု၏ အရင်းခံတွင် မကောင်းမှုကို မကြုံတွေ့စေချင်သည့်၊ ကောင်းစေချင်သည့် မေတ္တာကရုဏာကို တွေ့ရမည်ဖြစ်သည်။ သားသမီးဘဝမှ မိဘဘဝသို့ ဖြတ်သန်းခဲ့ရသည့် သက်တမ်းတစ်လျှောက် တွေ့ကြုံရင်ဆိုင်ခဲ့ရသည့် အတွေ့အကြုံ ဒုက္ခ၊ သုခများအပေါ် အခြေခံပြီး ပင်ပန်း၊ ခက်ခဲ၊ ဒုက္ခတောထဲ မလျှောက်လှမ်းစေလိုသည့် စေတနာကို မြင်ရမည်ဖြစ်သည်။

သားသမီးများသည် ခေတ်ပညာရပ်တွင် မိဘများထက်သာလွန်တတ်ကျွမ်းနိုင်သည် မှန်သော်လည်း ဘဝအတွေ့အကြုံ ပြည့်စုံမှုတွင်မူ ကိုယ်တိုင်ဖြတ်သန်းခဲ့ရသည့် မိဘများနှင့်စာလျှင် မဆိုစလောက်အသက်အရွယ်၊ အတွေ့အကြုံသာရှိကြသေးသည်ကို နားလည်လက်ခံကြရပေမည်။

"ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လျှုမျှဝေ၍ စောင့်လေမျိုးနွယ်ဝတ်ငါးသွယ် ကျင့်ဖွယ်သားတို့တာ"ဆိုသည့် သားသမီးဝတ္တရား ငါးပါးကို ကျွန်တော်တို့ ဘယ်လောက်ကျေပွန်ခဲ့ပြီလဲ၊ ဘယ်လောက်အထိကျေပွန်သင့်ကြသလဲ၊ ဆုံးမစာ၊ ဆောင်ပုဒ်များကို ဖတ်ရှုရတာ ဝါသနာပါသည့်အလျောက် ကျွန်တော်ဝယ်ယူထားသည့် နေ့တိုင်းရွတ်ဆိုပြီး ကျွန်တော်၏ သားသမီးများကိုလည်း လက်ဆင့်ကမ်းထားသည့် ဆုံးမစာတစ်ခုကို မျှဝေလိုပါသည်. . .

မိဘကျေးဇူး

- ❐ ဘုရားအရိပ်၊တရားအရိပ်ပြီးလျှင် မိဘအရိပ်သည် အအေးမြဆုံးဖြစ်သည်။
- ❐ မိဘကို အသက်ရှိစဉ် လုပ်ကျွေးပြုစုပါ၊ သေမှ နောင်တမရပါနှင့်။
- ❐ အမိကို လက်ယာ ပခုံးတစ်ဖက်၊ အဖကို လက်ဝဲပခုံးတစ်ဖက်တင်၍ နေ့စဉ်လုပ်ကျွေးပြုစုတာတောင်မှ မိဘကျေးဇူးကို ကျေအောင် မဆပ်နိုင်ပါ။
- ❐ မိဘကို မလုပ်ကျွေးချင်နေပါ၊ မိဘကို မစော်ကားပါနှင့်။
- ❐ အပေးသာရှိသောလက်သည် မိဘ၏လက်ဖြစ်သည်၊ ယူသော လက်သည် သားသမီး၏ လက်ဖြစ်သည်။ အပေးအယူ အတုံ့အလှည့်ရှိပါစေ။
- ❐ မိဘကျေးဇူး ဆပ်နိုင်ကြပါစေ။
- ❐ မိဘကျေးဇူးကို ယနေ့ပင် စတင်ဆပ်နိုင် ရပါလို၏။ (ကျွန်တော် ထပ်ဖြည့်ထားသည့် စာကြောင်းဖြစ်ပါသည်။)

တကယ်တော့ ကျေးဇူးဆပ်ပါမည်ကြော်ငြာမှာ အိမ်မွေးတိရစ္ဆာန်ခွေးကလေးတစ်ကောင် ပျောက်ဆုံးသွား၍ ပိုင်ရှင်ဖြစ်သူများက နှမြောတသ လွမ်းဆွတ်သံယောဇဉ်ပိုစွာဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါမည့်အကြောင်း၊ ကျေးဇူးဆပ်ပါမည့်အကြောင်း ဖော်ပြထားရာ ပိုင်ရှင်များ၏ မေတ္တာတရားနှင့် ခွေးငယ်ကလေး၏ သခင်အပေါ် သိတတ်လိမ္မာမှုအလှတရားကို ကြည်နူးဖွယ်မှန်းဆခံစားမိပါသည်။

အမွေပြတ်ကြော်ငြာပါ သားသမီး(လူသား)များ၏ ကျေးဇူးရှင်မိဘများအပေါ် သိတတ်လိမ္မာမှုမှာ ထိုခွေးငယ်ကလေးနှင့် နှိုင်းစာပါက(မနှိုင်းယှဉ်ကောင်းစွာ) နိမ့်ကျနေပြီလားဟုလည်း မိဘချင်း၊ သားသမီးချင်း ကိုယ်ချင်းစာနာစိတ်ဖြင့် စဉ်းစားရင်းစိတ်မကောင်းဖြစ်မိပြန်သည်။

အမြန်ပြန်လာပါဟူသော ကြော်ငြာမျိုးကို ဖတ်ဖူးသည်။ အကြောင်းတစ်ခုခုကြောင့် ထွက်ခွာသွားသူကို ပြန်လာပါရန်ခေါ်ယူသည့် ကြော်ငြာမျိုးဖြစ်သည်။ ဤကြော်ငြာမျိုး၌ ပြန်လည်ခေါ်ယူသူက မှန်သည်၊ ထွက်သွားသူက မှန်သည်ဆိုတာထက် ညှိနှိုင်း၍ရသည့် အခြေအနေတစ်ခုပေါ်တွင် ခွင့်လွှတ်ခြင်းတရားနှင့် ဆင်ခြင်နားလည်မှုတရားတို့ကို ပီတိဖြစ်ဖွယ် တွေ့ရတတ်သည်။

သို့ဖြစ်ရာ-

ကရုဏာဒေါသနှင့် မချိတင်ကဲအမူအရာတွင် မျက်ရည်တို့ဖြင့် ပြည့်လျှံနေမည့် မိဘများ၏မျက်ဝန်းများကို သားသမီးများက ကြိုတင်မှန်းဆမြင်ယောင်မိမည်ဆိုပါလျှင် **အမွေပြတ်စွန့်လွှတ်ခြင်း**ဆိုသည် ရှိနိုင်တော့မည်မဟုတ်ပါ။

ထို့အတူ အမုန်းတရားနှင့် အာဃာတတို့ဖြင့် ပြည့်နှက်နာကြည်းနေမည့် သား သမီးများ၏မျက်နှာများကို မမြင်ရခင် ကြိုတင်၍ ဆုံးမသွန်သင်ပြုပြင်ပေးနိုင်မည်ဆိုပါက အကြောင်းတစ်စုံတစ်ရာကြောင့် သားသမီးများ ပျောက်ဆုံးသွားခဲ့လျှင်ပင် **ကျေးဇူးဆပ်ပါမည်**ဟု လိုလားစွာ ကြော်ငြာရပေမည်။

နောက်ဆုံး အကြောင်းမတိုက်ဆိုင်၍ အထင်အမြင်လွဲမှားမှုတစ်ခုခု ရှိလာသည်ထားဦး၊ တစ်ဦးနှင့်တစ်ဦးအကြား **အမြန်ပြန်လာပါ**ဟု ကြော်ငြာထည့်သွင်းတွေ့ဆုံညှိနှိုင်း၍ရသည့် အခြေအနေတစ်ခုအပေါ်တွင် အမြဲရှိနေအောင် တစ်ဦးနှင့်တစ်ဦး ခွင့်လွှတ်မှု၊ ဆင်ခြင်နားလည်မှုအပြည့်ရှိနေရန် အလွန်အရေးကြီးကြောင်း တွေးနေမိပါတော့သည်။ ။

26-2 (07).pmd 1 2/26/2012, 3:36 AM

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကျောက်မဲမြို့ မြို့ကျက်သရေဆောင်ခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများ၊ ဒေသခံတိုင်းရင်းသားများအား ဆွေးနွေးပြောကြားစဉ်။ (သတင်းစဉ်)

■ *ကျော်ဖုံးမှ*

ယင်းနောက် ကမ္ဘောဇဘဏ်လီမိတက်၊ အေးရှားဝေါလ်ကုမ္ပဏီ၊ သမဝါယမဘဏ်၊ ရွှေသံလွင်ကုမ္ပဏီနှင့် နယူးစတားလိုက်ကုမ္ပဏီတို့ စုပေါင်းလှူဒါန်းသော ရှမ်း၊ ပလောင်၊ မုံးဝန်းနှင့် ကိုးကန့်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့များအတွက် တစ်ဖွဲ့လျှင် ငွေကျပ် သိန်း (၂၀)စီဖြင့် ငွေကျပ်သိန်း (၈၀)ကို ကုမ္ပဏီများအားလုံးကိုယ်စား ကမ္ဘောဇအုပ်စု ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးမိုးဆန်းအောင်က ပေးအပ်လှူဒါန်းရာ တိုင်းရင်းသားများက လက်ခံကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် လားရှိုးမြို့မှ DGH ဓာတ်ခဲစက်ရုံကုမ္ပဏီဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းက ကျေးရွာအုပ်စုများအတွက် R20 မျောက်တံဆိပ်ဓာတ်ခဲအလုံး (၂၄၀)ပါ ဓာတ်ခဲပုံး(၄၁)ပုံးကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ဝင်းက ဆေးရုံများ၊ အခြေခံပညာကျောင်းများ၊ မြို့နယ်စာကြည့်တိုက်၊ လူမှုရေးအသင်းအဖွဲ့များ၊ အုပ်ချုပ်ရေးမှူးရုံးများ၊ မိုးကုတ်ဝိပဿနာတရားစခန်း၊ စာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ၊ ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့စခန်းများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့အတွက် DTH Sky Net ရုပ်သံဖမ်းစက် အစုံ (၄၀)ကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ရွှေနှင်းတောင်ကုမ္ပဏီဥက္ကဋ္ဌ ဦးစိုင်းအိုက်မောင်က စိုက်ပျိုးရေးသုံး ဆေးဖျန်းပုံး အလုံး (၅၀)ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌက ကျောက်မဲမြို့ မီးသတ်တပ်ဖွဲ့စခန်းအတွက် မီးသတ်မော်တော်ယာဉ်တစ်စီးကို ပေးအပ်လှူဒါန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူးက လက်ခံသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယသမ္မတ၊ ဇနီးနှင့်အဖွဲ့ဝင်များသည် ကျောက်မဲမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး သီပေါမြို့သို့ ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားများက ကြိုဆိုကြသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် သီပေါမြို့ မြို့နယ်ခန်းမ၌ကျင်းပသော မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မြို့မိမြို့ဖများ၊ အုပ်ချုပ်ရေးမှူးများက ဒေသ၏လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ဒုတိယဝန်ကြီး ဦးအောင်သန်းဦး၊ ဦးကျော်လွင်နှင့် ဒေါက်တာဝင်းမြင့်တို့က တင်ပြချက်များအပေါ် သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ ဒုတိယသမ္မတကိုယ်စား ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ကျေးရွာအုပ်စုများအတွက် ဆိုလာမီးအိမ် အလုံး (၃၀)ကို နမူနာအဖြစ် ပေးအပ်လှူဒါန်းသည်။

ထို့နောက် ကမ္ဘောဇဘဏ်လီမိတက်၊ အေးရှားဝေါလ်ကုမ္ပဏီ၊ သမဝါယမဘဏ်၊ ရွှေသံလွင်ကုမ္ပဏီနှင့် နယူးစတားလိုက်ကုမ္ပဏီတို့ စုပေါင်းလှူဒါန်းသော ရှမ်း၊ လီဆူးနှင့် ပလောင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအတွက် တစ်ဖွဲ့လျှင် ငွေကျပ် သိန်း (၂၀)စီဖြင့် ငွေကျပ်သိန်း (၆၀)ကို ကုမ္ပဏီများကိုယ်စား နယူးစတားလိုက် ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းက ပေးအပ်သည်။

ယင်းနောက် လားရှိုးမြို့မှ DGH ဓာတ်ခဲစက်ရုံကုမ္ပဏီဥက္ကဋ္ဌက R20 မျောက်တံဆိပ်ဓာတ်ခဲအလုံး (၂၄၀)ပါ (၆၇)ပုံးကို လည်းကောင်း၊ ရွှေနှင်းတောင်ကုမ္ပဏီဥက္ကဋ္ဌက စိုက်ပျိုးရေးသုံး ဆေးဖျန်းပုံး (၆၈) ပုံးကို လည်းကောင်း ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ကမ္ဘောဇဘဏ်လီမိတက်၊ အေးရှားဝေါလ်ကုမ္ပဏီ၊ သမဝါယမဘဏ်၊ ရွှေသံလွင်ကုမ္ပဏီနှင့် နယူးစတားလိုက်ကုမ္ပဏီတို့ စုပေါင်းလှူဒါန်းသော သီပေါမြို့နယ် ဆေးရုံအတွက် လူနာတင်ယာဉ်တစ်စီးကို ကုမ္ပဏီအားလုံးကိုယ်စား ရွှေသံလွင်ကုမ္ပဏီ၊ နယူးစတားလိုက်ကုမ္ပဏီ၊ ကမ္ဘောဇဘဏ်အုပ်စုကုမ္ပဏီနှင့် အေးရှားဝေါလ်ကုမ္ပဏီတို့မှ တာဝန်ရှိသူများက ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌက ဆေးရုံများနှင့် ကျေးလက်ကျန်းမာရေးဌာနများ၊ အခြေခံပညာကျောင်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ရှမ်း၊ ပလောင်နှင့် လီဆူးစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များနှင့် မြို့နယ်ရဲတပ်ဖွဲ့စခန်းတို့အတွက် DTH Sky Net ရုပ်သံဖမ်းစက်စုစုပေါင်း (၂၆)စုံကို ပေးအပ်လှူဒါန်းသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယသမ္မတ၊ ဇနီးနှင့်အဖွဲ့ဝင်များသည် သီပေါမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး ညနေပိုင်းတွင် လားရှိုးမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် လားရှိုးမြို့ နားမခေါ်ကျေးရွာရှိ အဝေးပြေးယာဉ်ရပ်နားစခန်း(နားမခေါ်) တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတအား တွဲဖက်ပြည်နယ်အင်ဂျင်နီယာမှူးကြီးနှင့် မြို့နယ်မြေစာရင်းဦးစီးမှူးတို့က လားရှိုးမြို့ မြို့ရှောင်လမ်း အဆိုပြု လမ်းအူကြောင်းများ၏ မြေပြင်အနေအထား၊ ခရီးအကွာအဝေး၊ ခန့်မှန်းကုန်ကျစရိတ်နှင့် လမ်းအူကြောင်းတစ်လျှောက် ကျေးရွာများတည်ရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

တင်ပြဆွေးနွေး

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးတို့က အဆိုပြုလမ်းအူကြောင်းများအနက် သင့်လျော်သည့် လမ်းအူကြောင်းများနှင့်စပ်လျဉ်း၍ တင်ပြဆွေးနွေးကြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတက သိရှိလိုသည့်အချက်များကို မေးမြန်းပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် လားရှိုးမြို့နယ်အတွင်း မြို့ကွက်သစ်များ ဖော်ထုတ်ချထားပေးနိုင်ရေးလျာထားမြေနေရာနှင့် ကျူးကျော်အိမ်ရာများ ပြန်လည်နေရာချထားရေး ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယသမ္မတက ပြန်လည်သုံးသပ် ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးခွဲ အမှုဆောင်အရာရှိက လားရှိုးမြို့၌ လက်ရှိအဝေးပြေးယာဉ်ရပ်နားစခန်းများ၏ ယာဉ်ဝင်ထွက်မှုအခြေအနေနှင့်အဝေးပြေးယာဉ်ရပ်နားစခန်း(နားမခေါ်) တည်ဆောက်ရေးအတွက် စီစဉ်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တည်ဆောက်ရန် အဆိုပြုထားသည့် Shining Myanmar Construction Co.,Ltd. မှ တာဝန်ရှိသူများက အဆိုပြုပုံစံနှင့် ထည့်သွင်းတည်ဆောက်မည့် အဆောက်အအုံများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက အဝေးပြေးယာဉ်ရပ်နားစခန်း (နားမခေါ်) တည်ဆောက်ရာ၌ ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ခေါ်ယူရန်၊ ကုန်ကျစရိတ်သက်သာမှုရှိစေရန်၊ အဆင့်မြင့်အဆောက်အအုံအဖြစ် အရည်အသွေးကောင်းမွန်ရေး ထည့်သွင်းစီစဉ်ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် အဝေးပြေးယာဉ်ရပ်နားစခန်း တည်ဆောက်ရန် ရွေးချယ်လျာထားသည့် မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် မယ်ဟန်ကျေးရွာအနီးရှိ လားရှိုးမြို့ရှောင်လမ်းဖောက်လုပ်ရန် အဆိုပြုရွေးချယ်ထားသည့် လမ်းအူကြောင်းမြေနေရာကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ကျောက်မဲမြို့နှင့် သီပေါမြို့တို့သို့ သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများ၊ ဒေသခံတိုင်းရင်းသားများအား တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် မိမိတို့ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ လာရောက်ခဲ့ကြခြင်းမှာ ကျောက်မဲမြို့နယ်နှင့် သီပေါမြို့နယ်များ၏ လူမှုရေး၊ စီးပွားရေးအခြေအနေ တိုးတက်မှုကို သိရှိနိုင်ရန်နှင့် လိုအပ်သည်များ တတ်နိုင်သလောက်ပံ့ပိုးရန် လာရောက်ခြင်းဖြစ်ကြောင်း။

ကျောက်မဲမြို့နယ်သည် လွန်ခဲ့သည့် နှစ် ၃၀/၄၀ လောက်က ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် လားရှိုးမြို့နှင့်အပြိုင် လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ခဲ့သည့်ဒေသဖြစ်ကြောင်း၊ ထိုအချိန်က လားရှိုးဘက်ကားလမ်းမကောင်းသေးသည့်အချိန်ဖြစ်၍ ကားလမ်းကောင်းမွန်သော ကျောက်မဲမြို့သည် မန္တလေးမြို့နှင့် ပိုမိုနီးကပ်ခြင်း၊ ကားလမ်းရော ရထားလမ်းပါ အလွယ်တကူအသုံးပြုနိုင်ခြင်း၊ အလွန်နာမည်ကြီးသည့် ကျောက်မဲလက်ဖက်ခြောက် စသည့် ထွက်ကုန်များရှိခြင်း၊ ကမ္ဘာကပါသိသည့် နာမည်ကျော် ဂုတ်ထိပ်တံတားရှိခြင်း၊ အလွန်သာယာလှပသည့် ကျောက်မဲ-ဂုတ်တွင်း ကားလမ်းရှိခြင်း၊ ကမ္ဘာတွင် နာမည်ကျော်ကြားသည့် ပတ္တမြားမြေဖြစ်သော မိုးကုတ်၊ နီလာထွက်ရှိသည့် မိုးမိတ်တို့နှင့် နီးကပ်ခြင်းတို့ကြောင့် လားရှိုးထက်ပင် နာမည်ကျော်ကြားပြီး ထင်ရှားခဲ့ကြောင်း။

အလားတူ သီပေါမြို့သည်လည်း တိုးတက်မှုရှိသင့်သလောက်ရှိသော်လည်း ကျေနပ်အားရလောက်သည့် စီးပွားရေးဖွံ့ဖြိုးမှုမရှိသေးကြောင်း၊ သီပေါမြို့နယ်တွင် လူဦးရေ ၁၃၀၀၀၀ ခန့်ရှိပြီး လယ်ယာစိုက်ပျိုးရေး၊ လိမ္မော်၊ မက်မန်း၊ နာနတ်၊ ဖရဲ စသည့် စိုက်ပျိုးရေးထွက်ကုန်များ ထွက်ရှိကြောင်း၊ သီပေါမြို့နယ်အတွင်း ယခင်က ကျွန်းသစ်၊ သစ်ဝါးများ များစွာပေါများသည့် ဒေသဖြစ်ကြောင်း၊ ယခုအခါ လမ်းဘေးဝဲယာတွင်သာ ကျွန်းပင်များကို တွေ့တော့ကြောင်း။

တိုးတက်ပြောင်းလဲလာသည့်ခေတ်စနစ်အခြေအနေများအရ လားရှိုးမြို့သည် ပြည်နယ်အဆင့် ရုံးစိုက်ရာမြို့ဖြစ်လာခြင်း၊ လေကြောင်းခရီးဖြင့် သွားလာနိုင်ခြင်း၊ မူဆယ်မြို့သည်လည်း စီးပွားရေးတစ်ဟုန်ထိုး တိုးတက်လာခြင်းတို့ကြောင့် ကျောက်မဲနှင့် သီပေါမြို့များသည် ပုံမှန်စီးပွားရေးဖြင့်သာ လည်ပတ်နေသဖြင့် ဖွံ့ဖြိုးမှုနှုန်း အားနည်းခဲ့ကြောင်း။

စီစဉ်ဆောင်ရွက်

ပြီးခဲ့သည့်ရက်များအတွင်းက ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ စီးပွားရေးလုပ်ငန်းရှင်များအား ခေါ်ယူတွေ့ဆုံချိန်တွင် ကျောက်မဲခရိုင်အတွင်းမှ

လုပ်ငန်းရှင်များလည်း ပါဝင်ကြောင်း၊ လုပ်ငန်းရှင်များ၏ ကြုံတွေ့နေရသော အခက်အခဲများ၊ လိုအပ်ချက်များအား မေးမြန်းခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးခြင်း၊ အသေးစိတ်ဆွေးနွေးခြင်းတို့ ပြုလုပ်ခဲ့ကြောင်း၊ ထိုသို့ လက်ရှိစီးပွားရေးအခြေအနေဆွေးနွေးမှုများအပြင် နယ်စပ်ဒေသဖြစ်သည့် မူဆယ်မြို့အနီးတွင် စက်မှုဇုန် သို့မဟုတ် အထူးစီးပွားရေးဇုန်ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်ရာ ကျောက်မဲမြို့နယ်နှင့် သီပေါမြို့နယ်များမှ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်စေလိုကြောင်းဖြင့် ဖိတ်ခေါ်ခဲ့ကြောင်း။

ကျောက်မဲခရိုင်အတွင်းမှ လုပ်ငန်းရှင်များက ကျောက်မဲခရိုင်အတွင်း၌ လက်ဖက်လုပ်ငန်းသာရှိသေးပြီး အခြားသောစီးပွားရေးလုပ်ငန်းများ မရှိသေးကြောင်း တင်ပြလာခဲ့သော်လည်း မိမိတို့ဆောင်ရွက်မည့် စက်မှုဇုန် သို့မဟုတ် အထူးစီးပွားရေးဇုန်တွင် ပါဝင်ဆောင်ရွက်စေလိုကြောင်း၊ လူမှုရေးလုပ်ငန်း၊ အခြားလုပ်ငန်းမှန်သမျှသည် စီးပွားရေးမတိုးတက်သမျှ လုပ်ဆောင်၍မရနိုင်ကြောင်း၊ မိမိတို့နိုင်ငံ၏ စီးပွားရေးအခြေအနေအား ပြည်ပသို့တင်ပို့နိုင်သည့် ပို့ကုန်ပမာဏကိုကြည့်လျှင် ရှင်းရှင်းလင်းလင်းသိမြင်နိုင်ကြောင်း။

မိမိတို့နိုင်ငံ၏ ပြည်ပပို့ကုန်မှာ ၂၀၁၀-၂၀၁၁ ခုနှစ် တစ်နှစ်လုံးတွင် ပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာ ၈ ဒသမ ၈ ဘီလီယံသာရှိကြောင်း၊ ထိုအချိန်တွင် အိမ်နီးချင်းနိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံ၏ တစ်လ ပြည်ပပို့ကုန်ပမာဏမှာ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ တစ်လတည်းအတွက် အမေရိကန်ဒေါ်လာ ၁၇ ဘီလီယံ၊ အင်ဒိုနီးရှားနိုင်ငံ၏ တစ်လ ပြည်ပပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာ ၁၇ ဘီလီယံဝန်းကျင်၊ တောင်ကိုရီးယားနိုင်ငံမှ တစ်လလျှင်အမေရိကန်ဒေါ်လာ ၅၀ ဘီလီယံခန့်၊ တရုတ်နိုင်ငံမှ ၂၀၁၁ ခုနှစ် နိုဝင်ဘာလအတွက် အမေရိကန်ဒေါ်လာ ၁၇၅ ဘီလီယံတို့ဖြစ်၍ မိမိတို့နိုင်ငံ၏ တစ်နှစ်တင်ပို့မှုနှင့် အခြားနိုင်ငံများ၏ တစ်လတင်ပို့မှုကွာခြားချက်များကိုကြည့်လျှင် စီးပွားရေးအရကွာခြားမှုများကို သိရှိနိုင်ကြောင်း။

အလားတူ ဖိလစ်ပိုင်နိုင်ငံသည်လည်း ထိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံတို့နှင့် မကွာခြားလှကြောင်း၊ ပြည်ပရောက် ဖိလစ်ပိုင်နိုင်ငံသားများ၏ နိုင်ငံသို့ ပြန်ပို့ငွေသည် တစ်လလျှင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံခန့်ရှိကြောင်း၊ မိမိတို့ထက် သဘာဝဘေးနှင့် ပိုမိုကြုံတွေ့ခံစားရသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည်လည်း ပြည်ပရောက်နိုင်ငံသားများမှ ပြန်ပို့ငွေ တစ်လလျှင် အမေရိကန်ဒေါ်လာ ၁ ဘီလီယံခန့် ရှိကြောင်း။

ဖြေလျှော့ပေး

ထို့ကြောင့် မိမိတို့အစိုးရလက်ထက်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အမြတ်ခွန်ဥပဒေများ ပြင်ဆင်ခြင်း၊ လုပ်ထုံးလုပ်နည်းများ လျှော့ချခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိရာ ယခင်က ပြည်ပမှ ပြန်ပို့ငွေ၏ ၁၀ ရာခိုင်နှုန်းကို အခွန်အဖြစ် ကောက်ယူရာမှ ယခုအခါ ၂ ရာခိုင်နှုန်းသာ ကောက်ယူနေပြီး တရားဝင် ငွေလွှဲပေးပို့နိုင်ရန်အတွက် ငွေကြေးဆိုင်ရာ လုပ်ထုံးလုပ်နည်း အများအပြားကို ဖြေလျှော့ပေးခဲ့ပြီး ဖြစ်ကြောင်း။

နိုင်ငံအတွင်း အဘက်ဘက်က ပြုပြင်ပြောင်
သာ အခြားနိုင်ငံများကို အမီလိုက်နိုင်မှာဖြစ်ကြေ
အချိန်အထိ စိုက်ပျိုးရေးကိုအခြေခံသည့် စီးပွားရေ
နည်းတူ ကျောက်မဲမြို့နယ်သည်လည်း လက်ဖက်စို
ကိုလည်းကောင်း၊ သီပေါမြို့နယ်သည် သစ်
အခြေခံရသည့် မြို့နယ်အဖြစ်လည်းကောင်း တ
အဆိုပါ စိုက်ပျိုးရေးလုပ်ငန်းများသည် စာ
ပြေသော်လည်း အမှန်တကယ်တိုးတက်လိုပါက
ရမှာဖြစ်ကြောင်း။

အရင်းခံရောင်းချ

ယနေ့အချိန်အခါတွင် စီးပွားရေးလုပ်ငန်း
သယံဇာတပစ္စည်းများ အရင်းခံရောင်းချသည့် စီ
အမြစ်ကို အရင်းခံ၍ ဆောင်ရွက်သည့်စီးပွားရေ
နည်းပညာသုံးစွဲသည့် နိုင်ငံ၊ လူ့စွမ်းအားအရင်းအ
သည့်နိုင်ငံ (ဥပမာ-စင်ကာပူ၊ မလေးရှား၊ တော
အမှန်တကယ်တိုးတက်သည့် စက်မှုနိုင်ငံများအ
ကြောင်း။

ထို့ကြောင့် တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်း
လိုအပ်နေပြီဖြစ်ကြောင်း၊ ကျောက်မဲမြို့နယ်ကဲ့
ခြင်း၊ သီပေါမြို့နယ်ကဲ့သို့ သစ်သီးဝလံများ အလုံး
အဆင့်မြှင့်တင်နိုင်မည့် နည်းလမ်းများဖြင့် ထု
ဆောင်ရွက်ပေးလိုကြောင်း၊ မည်သို့ဆောင်ရွက်နို
အတားအဆီး၊ အဟန့်အတားဖြစ်နေသည်ကို သိ
ခဲ့ခြင်းဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများသည် စ
လုပ်ငန်းမှ စက်မှုအခြေခံစီးပွားရေးနှင့် ဝန်ဆော
များသို့ ပြောင်းလဲနေကြပြီဖြစ်ကြောင်း၊ ၎င်းက
လာစေရန် ကူညီအားပေးလိုကြောင်း။

နောက်တစ်ချက်မှာ နိုင်ငံတော်အစိုးရက
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲ

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခ
ကျေးရွာရှိ အဝေးပြေးယာဉ်ရပ်နားစခန်း(နား
ရွေးချယ်လျာထားသည့် မြေနေရာကို ကြည့်ရှုစ

ကြောင်း၊ ကျေးလက်ဒေသတွင် ပြည်သူအများစု
ပိုမိုများပြားကြောင်း၊ မြို့ပြများတွင်လည်းရှိကြေ
လုပ်ငန်းစဉ် (၈)ရပ်ရှိပါကြောင်း၊ အသေးစားကုန်
ကျောက်မဲမြို့နယ်၌ ဆားချိုသီးလုပ်ငန်း၊ ခေါပုတ်
အစရှိသည်တို့ ပါဝင်ကြောင်း၊ ကျေးလက်မီးလင်း
တန်းမှုသည် နယ်မြေအေးချမ်းတည်ငြိမ်မှုရှိမှ
လုပ်ငန်းဖြစ်၍ နယ်မြေအေးချမ်းတည်ငြိမ်ရေး
ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊
မြို့နယ်များတွင်လည်း ဖြစ်ထွန်းနိုင်သော ကမ္ဘာ့ခ
ကဏ္ဍတစ်ရပ်အဖြစ် ဆောင်ရွက်ကြစေလိုကြောင်
ဗီဇာများလွယ်ကူစွာရရှိရေး ဆောင်ရွက်ပေးနေပြီ
(On Arrival Visa) များပေးရန်လည်း အ
ကြောင်း၊ မီးခိုးမဲ့စက်ရုံဟုခေါ်နိုင်သည့် ခရီးသွား
ခရီးသွားဦးရေ နှစ်သန်းခန့်၊ ထိုင်းနိုင်ငံသို့ သန်း
စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအ
လူဦးရေ (၈)သောင်းခန့်သာရှိသည့် အင်ဒိုရာနိုင်
တစ်ခုဖြစ်ပြီး ခရီးသွားလုပ်ငန်းကိုသာ အဓိကထ
တွေ့မြင်ရမည်ဖြစ်ကြောင်း။

ကျောက်မဲတွင် ရိုးရာစိုက်ပျိုးနည်းဖြင့် စိုက
ခေတ်မီနည်းပညာဖြင့် စိုက်ပျိုးသောလက်ဖက်ခြ
များကို ပြသ၍ရကြောင်း၊ ဗြိတိသျှနိုင်ငံသားမှ
ဂုတ်ထိပ်တံတားကြီးသည် သက်တမ်းကုန်ဆုံးနေ
ဖြစ်၍ သွားရောက်ကြည့်ရှုလိုသူ ဖြတ်လျှောက်ကြ
မြို့နယ်တွင် သမိုင်းဝင်ဘော်ကြိုဘုရား၊ ယခင်
နေရာများ၊ မိုးကုတ်၊ မိုးမိတ်ဒေသများ စသည်
နှစ်သက်မည့် ခရီးစဉ်နေရာများဖြစ်၍ စဉ်းစားဆ
လိုကြောင်း။

နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားများ၏
အားပေးနိုင်ရန် တိုင်းရင်းသား(စာပေ) သင်
ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံ
အတိုင်း အခြားသော ဘာသာ၊ ယဉ်ကျေးမှုများအာ
သင်ကြားနိုင်ကြမှာဖြစ်ကြောင်း၊ သင်ကြားနိုင်ကြ
ကြစေလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်ကဆောင်ရွက
ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်မ
ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ မိမိဒေသဖွံ့

နိုင်ငံအတွင်း အဘက်ဘက်က ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်နိုင်မှသာ အခြားနိုင်ငံများကို အမီလိုက်နိုင်မှာဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ယခုအချိန်အထိ စိုက်ပျိုးရေးကိုအခြေခံသည့် စီးပွားရေးကို ဆောင်ရွက်နေရသည့်နည်းတူ ကျောက်မဲမြို့နယ်သည်လည်း လက်ဖက်စိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းကိုလည်းကောင်း၊ သီပေါမြို့နယ်သည် သစ်သီးဝလံ၊ သီးနှံစိုက်ပျိုးရေးကို အခြေခံရသည့် မြို့နယ်အဖြစ်လည်းကောင်း တည်ရှိနေကြရသေးကြောင်း။

အဆိုပါ စိုက်ပျိုးရေးလုပ်ငန်းများသည် စားဝတ်နေရေးအတွက် အဆင်ပြေသော်လည်း အမှန်တကယ်တိုးတက်လိုပါက စက်မှုနိုင်ငံအဖြစ်ပြောင်းလဲရမှာဖြစ်ကြောင်း။

အရင်းခံရောင်းချ

ယနေ့အချိန်အခါတွင် စီးပွားရေးလုပ်ငန်းများကိုကြည့်လျှင် သဘာဝသယံဇာတပစ္စည်းများ အရင်းခံရောင်းချသည့် စီးပွားရေး၊ လူ့စွမ်းအားအရင်းအမြစ်ကို အရင်းခံ၍ ဆောင်ရွက်သည့်စီးပွားရေးဟူ၍ရှိကြောင်း၊ အဆင့်မြင့်နည်းပညာသုံးစွဲသည့် နိုင်ငံ၊ လူ့စွမ်းအားအရင်းအမြစ်ကို အရင်းခံဆောင်ရွက်သည့်နိုင်ငံ (ဥပမာ-စင်ကာပူ၊ မလေးရှား၊ တောင်ကိုရီးယား၊ ဂျပန်)တို့သည် အမှန်တကယ်တိုးတက်သည့် စက်မှုနိုင်ငံများအဖြစ် ရပ်တည်နေကြပြီဖြစ်ကြောင်း။

ထို့ကြောင့် တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများအဖြစ် ထုတ်လုပ်ရန်လိုအပ်နေပြီဖြစ်ကြောင်း၊ ကျောက်မဲမြို့နယ်ကဲ့သို့ ရိုးရာလက်ဖက်ထုတ်လုပ်ခြင်း၊ သီပေါမြို့နယ်ကဲ့သို့ သစ်သီးဝလံများ အလုံးလိုက်တင်ပို့နေရခြင်းမျိုးထက် အဆင့်မြှင့်တင်နိုင်မည့် နည်းလမ်းများဖြင့် ထုတ်လုပ်နိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးလိုကြောင်း၊ မည်သို့ဆောင်ရွက်နိုင်မည်၊ မည်သည့်အရာများက အတားအဆီး၊ အဟန့်အတားဖြစ်နေသည်ကို သိရှိဖြေရှင်းပေးရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများသည် စိုက်ပျိုးရေးအခြေခံစီးပွားရေးလုပ်ငန်းမှ စက်မှုအခြေခံစီးပွားရေးနှင့် ဝန်ဆောင်မှုအခြေခံစီးပွားရေးလုပ်ငန်းများသို့ ပြောင်းလဲနေကြပြီဖြစ်ကြောင်း၊ ၄င်းကဏ္ဍနှစ်ရပ်ကို ဖွံ့ဖြိုးတိုးတက်လာစေရန် ကူညီအားပေးလိုကြောင်း။

နောက်တစ်ချက်မှာ နိုင်ငံတော်အစိုးရက တာဝန်ယူဆောင်ရွက်နေသော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်း ဖြစ်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လားရှိုးမြို့ နားမခေါ် ကျေးရွာရှိ အဝေးပြေးယာဉ်ရပ်နားစခန်း(နားမခေါ်) တည်ဆောက်ရန် ရွေးချယ်လျာထားသည့် မြေနေရာကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကြောင်း၊ ကျေးလက်ဒေသတွင် ပြည်သူအများစုနေထိုင်ကြပြီး ဆင်းရဲချို့တဲ့သူပိုမိုများပြားကြောင်း၊ မြို့ပြများတွင်လည်းရှိကြောင်း၊ အဆိုပါစီမံကိန်းတွင် လုပ်ငန်းစဉ် (၈)ရပ်ရှိပါကြောင်း၊ အသေးစားကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် ကျောက်မဲမြို့နယ်၌ ဆားချိုသီးလုပ်ငန်း၊ ခေါပုတ်လုပ်ငန်း၊ လက်ဖက်လုပ်ငန်း အစရှိသည်တို့ ပါဝင်ကြောင်း၊ ကျေးလက်မီးလင်းရေးအတွက် လျှပ်စစ်မီးသွယ်တန်းမှုသည် နယ်မြေအေးချမ်းတည်ငြိမ်မှုရှိမှသာ ဆောင်ရွက်နိုင်သောလုပ်ငန်းဖြစ်၍ နယ်မြေအေးချမ်းတည်ငြိမ်ရေးကို ပြည်သူလူထုအားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ကျောက်မဲမြို့နယ်နှင့် သီပေါမြို့နယ်များတွင်လည်း ဖြစ်ထွန်းနိုင်သော ကမ္ဘာ့ခရီးသွားအတွက် ဝန်ဆောင်မှုကဏ္ဍတစ်ရပ်အဖြစ် ဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့နိုင်ငံတွင် ယခုအခါ ဗီဇာများလွယ်ကူစွာရရှိရေး ဆောင်ရွက်ပေးနေပြီဖြစ်သလို ဆိုက်ရောက်ဗီဇာ (On Arrival Visa) များပေးရန်လည်း အလားအလာကောင်းနေပြီ ဖြစ်ကြောင်း၊ မီးခိုးမဲ့စက်ရုံဟုခေါ်နိုင်သည့် ခရီးသွားလုပ်ငန်းသည် လာအိုနိုင်ငံသို့ ခရီးသွားဦးရေ နှစ်သန်းခန့်၊ ထိုင်းနိုင်ငံသို့ သန်း ၂၀ ခန့် လာရောက်ကြသဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူဖြစ်စေကြောင်း၊ လူဦးရေ (၈)သောင်းခန့်သာရှိသည့် အင်ဒိုရာနိုင်ငံသည် ကုန်းတွင်းပိတ်နိုင်ငံတစ်ခုဖြစ်ပြီး ခရီးသွားလုပ်ငန်းကိုသာ အဓိကထားသည့်နိုင်ငံဖြစ်ကြောင်းကို တွေ့မြင်ရမည်ဖြစ်ကြောင်း။

ကျောက်မဲတွင် ရိုးရာစိုက်ပျိုးနည်းဖြင့် စိုက်ပျိုးသော လက်ဖက်ခြံများ၊ ခေတ်မီနည်းပညာဖြင့် စိုက်ပျိုးသောလက်ဖက်ခြံများ၊ လက်ဖက်ခူးဆွတ်ချိန်များကို ပြသ၍ရကြောင်း၊ ဗြိတိသျှနိုင်ငံသားများ အထူးစိတ်ဝင်စားသည့် ဂုတ်ထိပ်တံတားကြီးသည် သက်တမ်းကုန်ဆုံးနေသော်လည်း အသုံးပြု၍ရဆဲဖြစ်၍ သွားရောက်ကြည့်ရှုလိုသူ၊ ဖြတ်လျှောက်ကြည့်လိုသူရှိကြကြောင်း၊ သီပေါမြို့နယ်တွင် သမိုင်းဝင်ဘော်ကြိုဘုရား၊ ယခင်စော်ဘွားများနှင့်ဆက်စပ်ရာနေရာများ၊ မိုးကုတ်၊ မိုးမိတ်ဒေသများ စသည်ဖြင့် ခရီးသွားများ အလွန်နှစ်သက်မည့် ခရီးစဉ်နေရာများဖြစ်၍ စဉ်းစားဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။

နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားများ၏ စာပေနှင့်ယဉ်ကျေးမှုများကို အားပေးနိုင်ရန် တိုင်းရင်းသား(စာပေ) သင်ကြားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း အခြားသော ဘာသာ၊ ယဉ်ကျေးမှုများအား မထိခိုက်လျှင် လွတ်လပ်စွာ သင်ကြားနိုင်ကြမှာဖြစ်ကြောင်း၊ သင်ကြားနိုင်ကြအောင်လည်း ပြင်ဆင်ထားကြစေလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်ကဆောင်ရွက်နေသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များတွင် ပြည်သူအားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ မိမိဒေသဖွံ့ဖြိုးတိုးတက်စေရေးအတွက် စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများတွင် ပိုမိုရင်းနှီးမြှုပ်နှံဆောင်ရွက်ရေးတို့ကို ဒေသနှင့်လျော်ညီသည့်လုပ်ငန်းရပ်များဖြင့် ဆက်စပ်ဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ဆွေးနွေးမှာကြား

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၉ နာရီတွင် လားရှိုးမြို့ ရွှေလီရိပ်သာ၌ကျင်းပသော ရှမ်းပြည်နယ်(မြောက်ပိုင်း)ခရီးစဉ်အတွင်း ဒေသခံများ၏ တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်သည့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး၊ ဦးအုန်းမြင့်နှင့် ဦးခင်ရီ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ ဦးကျော်လွင်၊ ဦးဝင်းသန်း၊ ဒေါက်တာဝင်းမြင့်၊ ဒေါက်တာကံဇော်၊ ဦးအောင်သန်းဦးနှင့် ဦးခင်ဇော်တို့က ခရီးစဉ်အတွင်း မြို့မိမြို့ဖများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏တင်ပြချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး ယခုခရီးစဉ်အတွင်း ချက်ချင်းလက်ငင်းဆောင်ရွက်ပေးနိုင်မည့်ကိစ္စရပ်များကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ အချို့ကိစ္စရပ်များမှာ မူဘောင်အတွင်းမှ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးရမည့်ကိစ္စရပ်များရှိသဖြင့် မိမိတို့ဌာနရောက်ရှိသည့်အခါ ပြန်လည်ညှိနှိုင်း၍ စီစဉ်ဆောင်ရွက်ပေးသွားရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့နယ် ဆုံကွယ်ကျေးရွာ တောင်သူဦးထွန်းလူ၏ အထူးအထွက်တိုးနွေစပါးတစ်ဧကတင်း ၂၀၀ စံပြကွက်သို့ရောက်ရှိကြပြီး တောင်သူများ၏ မြေဩဇာကြဲပက်ပွဲကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် သိလိုသည်များကို တောင်သူများအား အသေးစိတ် ဆွေးနွေးမေးမြန်းသည်။

ယင်းနောက် ဒုတိယသမ္မတက ဒေသခံတောင်သူများ အမှန်တကယ်စိုက်ပျိုးလိုစိတ်ရှိအောင် တောင်သူများ ကြိုက်နှစ်သက်သည့် စပါးမျိုးများ လိုအပ်သည့်အချိန်တွင် အချိန်မီ ရရှိရေး၊ ရေပေးဝေမှုများသည် လယ်များအထိရောက်ရှိအောင် ပေးဝေရေးတို့ကို ဆောင်ရွက်သွားကြရန်နှင့် ဒေသခံ လယ်သမားများအနေဖြင့် အမှန်တကယ်အကျိုးရှိပါက ၎င်းတို့ကိုယ်တိုင် စိတ်ပါဝင်စားစွာ စိုက်ပျိုးလိုကြမည်ဖြစ်သည်ကို သိရှိထားရန် လိုအပ်ကြောင်း၊ တောင်သူများ၏ ယုံကြည်မှုရရှိအောင် ဆောင်ရွက်သွားရန် အထူးအရေးကြီးကြောင်း၊ ထို့ပြင် ယခုကဲ့သို့ လာရောက်စစ်ဆေးချိန်တွင် ဟန်ပြပြသခြင်းမျိုး မဖြစ်စေရန်နှင့် ဒေသခံတောင်သူများ ကိုယ်တိုင်တောင်းဆို စိုက်ပျိုးလာသည်အထိ သက်ဆိုင်ရာဌာနများက ဝိုင်းဝန်းပံ့ပိုးပေးသွားကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က တောင်သူများအား လယ်ယာအသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရေးနှင့် စိုက်ပျိုးစရိတ် ချေးငွေရယူနိုင်မည့် နည်းလမ်းများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ရွှေနှင်းတောင် ကုမ္ပဏီဥက္ကဋ္ဌက လားရှိုးခရိုင်အတွင်းရှိ လားရှိုးမြို့နယ်၊ သိန်းနီမြို့နယ်၊ တန့်ယန်းမြို့နယ်နှင့် မိုင်းယော်မြို့နယ်တို့မှ စပါးစိုက်ပျိုးထုတ်မှုတွင် အများဆုံးထွက်ရှိသည့် တောင်သူများအား စိုက်ပျိုးရေးသုံးဆေးဖျန်းပုံး (၅၀) ကိုလည်းကောင်း၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်အတွက် စိုက်ပျိုးရေးသုံး ဆေးဖျန်းပုံး (၅၀)ကိုလည်းကောင်း ပေးအပ်သည်။

ဆက်လက်၍ ဒုတိယသမ္မတသည် လားရှိုးမြို့နယ် ဟိုပိတ်ကျေးရွာအနီး လားရှိုးမြို့ မြို့ရှောင်လမ်းဖောက်လုပ်ရန် အဆိုပြု လမ်းအူကြောင်း အမှတ်(၁)၏ အထွက်လမ်းဖောက်လုပ်ရန် သင့်လျော်မည့်လမ်းကြောင်း မြေနေရာ သုံးနေရာကို လိုက်လံကြည့်ရှုစစ်ဆေးရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တွဲဖက်ပြည်နယ် အင်ဂျင်နီယာမှူးကြီးက လမ်းအူကြောင်းအခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက လမ်းဖောက်လုပ်ရန် အသင့်လျော်ဆုံးနေရာ၏ မြေအနေအထားကို အသေးစိတ် စူးစမ်းလေ့လာတွက်ချက်၍ တင်ပြဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန်

ကျောက်မဲမြို့နယ်နှင့် သီပေါမြို့နယ်အတွင်းရှိ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များအား တွေ့ဆုံမှာကြား

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန်သည် ယမန်နေ့နံနက် ၉ နာရီတွင် ကျောက်မဲမြို့ မေတ္တာမွန်ခန်းမ၌ ကျင်းပသော ကျောက်မဲမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များအား တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

ပူးပေါင်းပါဝင်

ဒုတိယသမ္မတ၏ဇနီးက အမှာစကားပြောကြားရာတွင် မိမိသည် ဒေသခံပြည်သူများ၏ လူမှုရေးလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလိုသဖြင့် ယခုကဲ့သို့ တွေ့ဆုံရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေးစောင့်ရှောက်ခြင်းလုပ်ငန်းနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ခေတ်အဆက်ဆက် ဆောင်ရွက်လာခဲ့ကြကြောင်း၊ ယခုအစိုးရအသစ်လက်ထက်တွင်လည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသခံပြည်သူများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသမီးများ၏ဘဝ တိုးတက်ရေးအတွက် အတိုးနှုန်းသက်သာစွာဖြင့် ငွေချေးပေးသည့်လုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အမျိုးသမီးများဘက်ကလည်း အသင်းအဖွဲ့များ ဖွဲ့စည်းမှတ်ပုံတင်၍ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်စေလိုကြောင်း မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတ၏ဇနီးက ကျောက်မဲခရိုင် အမျိုးသမီးရေးရာအဖွဲ့အတွက် ရန်ပုံငွေကျပ်ငါးသိန်းကိုလည်းကောင်း၊ ကျောက်မဲမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ရန်ပုံငွေကျပ် ငါးသိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။ ယင်းနောက် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် တစ်ဦးချင်း ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကူးသည်။

ရေစက်သွန်းချ

ထို့နောက် ကျောက်မဲမြို့ မေတ္တာမွန်ခန်းမ၌ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဖွင့်လှစ်ထားရှိသော စက်ချုပ်သင်တန်း၏ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များအား တွေ့ဆုံအမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့နာယက ပြည်နယ်ဝန်ကြီးချုပ်၏ဇနီးက အမှာစကားပြောကြားပြီး သီပေါမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို အသင်းအလုပ်အမှုဆောင် တစ်ဦးကလည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို အဖွဲ့အလုပ်အမှုဆောင်တစ်ဦးကလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ ခေါင်းဆောင်များက ဂါရဝပြု မိတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတ၏ဇနီး ဒေါ်နန်းရွှေမှုန်က မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် အလှူငွေကျပ်ငါးသိန်းကို လည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့အတွက် အလှူငွေကျပ်ငါးသိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန် ကျောက်မဲမြို့ မေတ္တာမွန်ခန်းမ၌ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

စေတနာရှင်များ၊ လူမှုရေးအသင်းအဖွဲ့များကလည်း လှူဒါန်းထောက်ပံ့မှုများပေးလျက်ရှိကြောင်း၊ ဒေသခံတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များအနေဖြင့် မိမိတို့အမျိုးသမီးများ လူကုန်ကူးမှု မခံရစေရန် ဝိုင်းဝန်းစောင့်ရှောက်ကြစေလိုကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း ဒေသအာဏာပိုင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများ၊ အမျိုးသမီးရေးရာအဖွဲ့များနှင့် တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုကြောင်း၊ လေ့ကျင့်သင်ကြားပေးမှုများကို ကြည့်ရှုအားပေးကာ ကျောက်မဲမြို့ အောင်မြေသာယာ သီလရှင်စာသင်တိုက်သို့ ရောက်ရှိပြီး သီလရှင်စာသင်ကျောင်းတိုက်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ စာသင်တိုက်နာယက ဆရာကြီး ဒေါ်ထေရီက လက်ခံလှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် မွန်းလွဲ ၂ နာရီတွင် မြို့နယ်အစည်းအဝေးခန်းမ၌ သီပေါမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များနှင့် အမှတ်တရ ဓာတ်ပုံရိုက်ကူးကြသည်။

ဒုတိယသမ္မတ၏ဇနီး ဒေါ်နန်းရွှေမှုန်သည် လားရှိုးမြို့နယ်အတွင်းရှိ ချို့တဲ့နွမ်းပါးသော တိုင်းရင်းသားကျေးရွာများသို့ ဆန်၊ ဆီ၊ ဆား၊ ငါးခြောက်၊ ကြက်သွန်များကို လှူဒါန်းခဲ့ပြီး ၄င်းပစ္စည်းများကို လားရှိုးခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ တိုင်းရင်းသားလူမှုကူညီမှုအဖွဲ့များက သက်ဆိုင်ရာကျေးရွာများသို့ ဆက်လက် လှူဒါန်းပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း **ရုပ်ရှင်အမြည်း**

ကိုလင်း (ရုပ်ရှင်သတင်းထောက်)

ယခုတစ်ပတ် မြန်မာဇာတ်ကားသစ်ရုံမဝင် နိုင်ငံခြားဇာတ်ကားသစ် ရွှေဆောင်ရုံတင်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံများတွင် ယခုတစ်ပတ် မြန်မာဇာတ်ကားသစ်များ ရုံမဝင်ဘဲ နိုင်ငံခြားဇာတ်ကားသစ် Journey 2; The Mysterious Island ဇာတ်ကား မြို့လယ် ရွှေဆောင်ရုံသို့ ဝင်လာသည်။ **(ယာပုံ)**

အဆိုပါနိုင်ငံခြားဇာတ်ကားသစ်ကို ဒါရိုက်တာ Brad Peyton က ရိုက်ကူးထားပြီး သရုပ်ဆောင် Dwayne Johnson, Josh Hutcherson နှင့် Michael Caine တို့ အဓိက ပါဝင်သရုပ်ဆောင်ထားကြသည်။ ရွှေတောင်များ၊ မီးတောင်များနှင့် အခြားဆန်းကြယ်သောအရာများရှိနေသည့် ကျွန်းတစ်ကျွန်းပေါ်၌ ပျောက်ဆုံးနေသော အဘိုးဖြစ်သူကို ရှာဖွေရန် မိသားစုတစ်စု ကြိုးပမ်းနေစဉ် ရုတ်တရက် ငလျင်ဒီရေလှိုင်းများတက်လာပြီး ကျွန်းကြီးပင်လယ်ရေအောက် နစ်မြုပ်လုဆဲဆဲ လွတ်မြောက်ရန် အစွမ်းကုန်ကြိုးစားမှုများကို သရုပ်ဖော်ရိုက်ကူးထားသည့် စွန့်စားခန်းများပါဝင်သော ဇာတ်ကားဖြစ်သည်။

မြို့လယ် သမ္မတ၊ သွင်နှင့် မင်္ဂလာရုပ်ရှင်ရုံများတွင် ရန်အောင်၊ သူထူးစံ၊ မိုးအောင်ရင်၊ နေထက်လင်း၊ မို့မို့မြင့်အောင်၊ သက်မွန်မြင့်တို့ ခေါင်းဆောင်ပါဝင်သည့် **အမွေဇယား** မြန်မာဇာတ်ကား ဆက်လက်အောင်ပွဲခံ ပြသလျက်ရှိပါကြောင်း ရုပ်ရှင်အမြည်းအဖြစ် ရေးသားလိုက်ရပါသည်။

ချင်းပြည်နယ်နေ့ အခမ်းအနား ဟားခါးမြို့၌ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

(၆၄)နှစ်မြောက် ချင်းပြည်နယ်နေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ရက် နံနက် ၈နာရီတွင် ဟားခါးမြို့ဝမ္မသူးမောင် အားကစားကွင်း၌ ကျင်းပရာ အခမ်းအနားတွင် ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက အမှာစကားပြောကြားပြီး ပြခန်းဆုရသူများအား လည်းကောင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ချင်းရိုးရာ ဂျပ်ခုပ် ရက်ကန်းဆုရသူများအား လည်းကောင်း၊ ပြည်နယ်ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးက လူမှုရေး ထူးချွန်ဆုရ ဦးကျုံးဟုားအားလည်းကောင်း၊ ပြည်နယ် လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဘမောင်က မြန်မာ့ရုပ်ရှင် ထူးချွန်ဆု(အကယ်ဒမီ) အကောင်းဆုံး အမျိုးသမီး ဇာတ်ဆောင်ဆုရ သက်မွန်မြင့်အား လည်းကောင်း၊ တာဝန်ရှိသူများက ချင်းပြည်နယ်မှ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားဆုရသူများနှင့် ပြည်နယ်နေ့ အထိမ်းအမှတ် ထမနဲထိုးပြိုင်ပွဲ၊ ဂေါက်သီးရိုက်ပြိုင်ပွဲ၊ သစ်သီးဝလံ၊ ပန်းမန်၊ တိရစ္ဆာန်ပြိုင်ပွဲ ဆုရသူများအားလည်းကောင်း ဂုဏ်ပြုဆုများကို ပေးအပ် ချီးမြှင့်ကြသည်။ **(အောက်ဝဲပုံ)**

ထို့နောက် (၆၄)နှစ်မြောက်ချင်းပြည်နယ်နေ့ အထိမ်းအမှတ် ရိုးရာနတ်တိုင်စိုက်ထူပွဲ၊ Optical Vision စိုးမိုး မျက်စိမျက်မှန်ကုမ္ပဏီက မျက်စိဝေဒနာရှင်များအား မျက်စိစမ်းသပ်ကုသပေးပြီး မျက်မှန်များ အခမဲ့လှူဒါန်းခြင်း၊ ခေါင်ကြွယ်ပွဲ၊ ရိုးရာနပန်းပြိုင်ပွဲ၊ ရိုးရာဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြိုင်ပွဲ၊ ပျော်ပွဲရွှင်ပွဲများ၊ စင်တင်တေးဂီတ ဖျော်ဖြေမှုများဖြင့် ဖျော်ဖြေခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာရင်းကိုင်(၃)ရာထူး အောင်မြင်သူများစာရင်းထုတ်ပြန်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း အဖွဲ့အစည်းအသီးသီး၌ လစ်လပ်လျက်ရှိသော စာရင်းကိုင်(၃) (လစာနှုန်းကျပ် ၅၃၀၀၀-၁၀၀၀ - ၅၈၀၀၀)ရာထူးနေရာများအတွက် ရေးဖြေစာမေးပွဲနှင့် လူတွေ့စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူ ၁၂ ဦး၏စာရင်းကို သက်ဆိုင်ရာက ယနေ့ထုတ်ပြန်သည်။

အောင်မြင်သူများမှာ ခုံအမှတ်(၁၊ ၆၊ ၃၃၊ ၄၄၊ ၄၆၊ ၄၈၊ ၅၅၊ ၆၃၊ ၉၂၊ ၉၉၊ ၁၁၁၊ ၁၁၂)တို့ ဖြစ်ကြသည်။

ရေးဖြေ၊ လူတွေ့အောင်မြင်သူများသည် ဖေဖော်ဝါရီ ၂၉ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း အမှတ်(၂၁၂)ရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရန်ကုန်ရုံး)သို့ လာရောက်သတင်းပို့ကြရမည်ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာ့ရိုးရာစစ်တုရင် တစ်ဦးချင်းအလွတ်တန်းပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော မြန်မာ့ရိုးရာ စစ်တုရင်တစ်ဦးချင်း အလွတ်တန်းပြိုင်ပွဲ၏ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၃ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းနှင့် ကန်ရိပ်သာလမ်းထောင့်ရှိ သိမ်ဖြူအားကစားခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် အမှုဆောင် ဦးမျိုးမင်းအောင်က ပြိုင်ပွဲ၌ နှစ်သိမ့်ဆုရရှိသော မဝင့်ဇာခြည် (ရဲအောင်နိုင်ကလပ်-စမ်းချောင်း)ကို လည်းကောင်း၊ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်က တတိယဆုရရှိသော လင်းနိုင်ဦး (ပို့ဆောင်ရေးဝန်ကြီးဌာန)နှင့် ဒုတိယဆုရရှိသော ကိုကိုကြီး (မန္တလေး)တို့ကို လည်းကောင်း၊ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က ပထမဆုရရှိသော ငြိမ်းချမ်း (လယ်/ဆည်)ကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။ **(အောက်ပုံ)**

အဆိုပါပြိုင်ပွဲတွင် ပထမမှ အဋ္ဌမအထိ ရရှိကြသူရှစ်ဦးသည် မတ်လ ၂၂ ရက်တွင် ကျင်းပမည့် မြန်မာ့ရိုးရာ တံခွန်စိုက်စစ်တုရင်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

ရေကြည် ဖေဖော်ဝါရီ ၂၅

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် မြို့နယ်ပြည်သူ့အားကစားကွင်း၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဖလား အမျိုးသားဘောလုံးပြိုင်ပွဲနှင့် ဆုပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက် မွန်းလွဲ၂ နာရီခွဲက ကျင်းပသည်။ ဗိုလ်လုပွဲတွင် မန်ကျည်းလဟာအသင်းက ကညင်ငူအသင်းကို ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရရှိသွားသည်။ ဆက်လက်၍ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပရာ ပထမဆုရရှိသော မန်ကျည်းလဟာအသင်းအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစံလှိုင်က ပထမဆု ဖလားနှင့်ဆုငွေကျပ် သုံးသိန်းကို ချီးမြှင့်ပြီး ဒုတိယဆုရရှိသော ကညင်ငူအသင်းအား မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး လှဟန်က ဆုငွေများချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ပေးအပ်ချီးမြှင့်

အမက(၁၈) စမ်းချောင်း၏ ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၁ ရက်ကကျင်းပရာ သူငယ်တန်းမှ ဒုတိယတန်းအထိ သုံးနှစ်ဆက်တိုက် ပထမဆုရရှိသော မောင်ရဲလင်းကျော်အား ဆရာမကြီး ဒေါ်စိုးစိုးသင်း ဆုပေးအပ်ချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

မသန်စွမ်းသူများအား အထောက်အကူပြုပစ္စည်းပေးအပ်

ပုသိမ် ဖေဖော်ဝါရီ ၂၅

ပုသိမ်ခရိုင် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့နယ်ခွဲ အမျိုးသားခန်းမ၌ ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၉ နာရီက မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ ငါးသိုင်းချောင်းရုံးခန်းသစ်ဖွင့်ပွဲနှင့် အထောက်အကူပြုပစ္စည်းများ ပေးအပ်ခြင်းအခမ်းအနား ကျင်းပသည်။

ပေးအပ်

အခမ်းအနားတွင် မြို့နယ်ခွဲ အုပ်ချုပ်ရေးမှူး ဦးဝင်းသန်းက အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ချုပ်ရန်ကုန်မှ ဦးအောင်ကိုမြင့်(Operation Director)က ရုံးခန်းဖွင့်လှစ်ရခြင်းအကြောင်းနှင့် အထောက်အကူပြုပစ္စည်းများ ပေးအပ်ခြင်းတို့ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ရန်ကုန်ရုံးချုပ်မှ ဦးနေလင်းစိုး (Program Director)က ဒစ်ဂျစ်တယ် VCD စလိုက်ဖြင့် မသန်စွမ်းသူများလူမှုဘဝ ဝင်ဆံ့နိုင်ရေးအတွက် ရှင်းလင်းပြောကြားပြီး မြို့နယ်ခွဲအတွင်းရှိ မသန်စွမ်းသူများကို အထောက်အကူပြုပစ္စည်းများ ပေးအပ်သည်။

မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ရုံးချုပ်က မတည်ငွေကျပ်နှစ်သိန်းနှင့် မြို့နယ်ခွဲအလှူရှင်များက မတည်ငွေကျပ် နှစ်သိန်းကို မြို့နယ်ခွဲ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ငါးသိုင်းချောင်းဥက္ကဋ္ဌ ဦးတင်ဝင်းက လက်ခံယူသည်။ ဆက်လက်၍ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ ငါးသိုင်းချောင်းရုံး ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းဝင်း အတွင်း၌ ကျင်းပခဲ့ကြောင်း သိရှိရသည်။ **(မင်းဇော်ဦး-ရေကြည်)**

ပညာရည်ချွန်ဆုပေးပွဲကျင်းပမည်

သုံးခွ ဖေဖော်ဝါရီ ၂၅

သုံးခွမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ်လ ၄ ရက်(တနင်္ဂနွေနေ့)နံနက် ၈ နာရီတွင် ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အသင်းသူအသင်းသားများ တက်ရောက်ကြရန်နှင့် (၂၀၀၉-၂၀၁၀)၊ (၂၀၁၀-၂၀၁၁) ပညာသင်နှစ်များအတွက် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့်အောင်မြင်သူ အသင်းဝင်သားသမီးများနှင့် နိုင်ငံတော်အဆင့်ပညာရေး၊ လူမှုရေး၊ စာပေ၊ ဂီတ၊ သဘင်၊ ရုပ်ရှင်စသည်တို့တွင် ထူးချွန်သူများ၊ ဘွဲ့ထူးဂုဏ်ထူးရရှိသူ အသင်းဝင်များနှင့် မြို့နယ်သူမြို့နယ်သားများအား ဆုချီးမြှင့်မည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

တီဘီရောဂါ ကာကွယ်စောင့်ရှောက်ရေး ဆင့်ပွားသင်တန်းဖွင့်

နမ့်ခမ်း ဖေဖော်ဝါရီ ၂၅

ရှမ်းပြည်နယ် မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်တွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော ပြည်သူလူထုအခြေပြု တီဘီရောဂါကာကွယ်စောင့်ရှောက်ရေး ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၉ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းဆိုင်မိုနွမ်နှင့် ခရိုင်ဆရာဝန်ကြီး ဒေါက်တာနန်းနွမ်းခမ်းတို့က အမှာစကားပြောကြားကြသည်။ အဆိုပါ ဆင့်ပွားသင်တန်းသို့ ရပ်ကွက်၊ ကျေးရွာများမှ သင်တန်းသူ ၃၀ တက်ရောက်ခဲ့ကြကြောင်းသိရှိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ပေးအပ်လှူဒါန်း

ဖေဖော်ဝါရီ ၁၂ ရက်က မုဒုံမြို့ မြို့မ ၄ရပ်၊ ဇေတဝန်လမ်း ကွမ်ကသောင်ရပ်နေ ဒေါ်မချစ်က မုဒုံဘိုးဘွားရိပ်သာ တိုးချဲ့ဆောင်ဆောက်လုပ်ရန် ငွေကျပ်သိန်း ၂၀ ကို ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးလှသိန်းထံ ပေးအပ်လှူဒါန်းစဉ်။ (မြို့နယ်ပြန်/ ဆက်)

ကျိုက်ထီးရိုးဘုရားဖူးခရီးထွက်ခြင်း....

သန်းသန်းနု - ရေးသားသည်

ကျိုက်ထီးရိုးစေတီတော်

လူတိုင်းဟာ ခရီးသွားခြင်းကို ကြိုက်နှစ်သက်ကြပါတယ်။ ခရီးသွားခြင်းဟာ စိတ်အပန်းပြေခြင်း၊ လန်းဆန်းခြင်း၊ ပျော်ရွှင်ခြင်းနဲ့ ဒေသဗဟုသုတတွေ ရရှိခြင်းစတဲ့ အကျိုးကျေးဇူးတွေကို ရရှိကြပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဝန်ထမ်းမိသားစု(ပထမအသုတ်) ဘုရားဖူးအဖွဲ့ဟာ မွန်ပြည်နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုး စေတီတော်မြတ်ကြီးသို့ ဖေဖော်ဝါရီ ၁၈ ရက်က ရောက်ရှိခဲ့ကြပါတယ်။

မွန်ပြည်နယ်ရှိ ကျိုက်ထီးရိုး စေတီတော်ဟာ ပင်လယ်ရေပြင်အထက် အမြင့် ၃၆၁၅ပေမြင့်တဲ့ ပေါင်းလောင်းတောင်စွယ်ထိပ်မှာ တည်ထားကိုးကွယ်ထားကြောင်း သိရပါတယ်။ ကျိုက်ထီးရိုး စေတီတော်ကြီး တောင်စွယ်ထိပ်မှာ တည်ထားပုံဟာ ဖူးမြော်ရသူ ဘုရားဖူးအပေါင်းတို့ အံ့ဖွယ်ဘနန်းဖြစ်ရသလို ဖူးမြော်လို့မဝအောင်ရှိခဲ့ကြပါတယ်။ ကျိုက်ထီးရိုး စေတီရဲ့မူလဘွဲ့မှာ ကျိုက်ဣသိယို (မြန်မာဘာသာ ရသေ့ရွက်ဘုရား) ဖြစ်ပါတယ်။ တိဿရသေ့ကြီးရဲ့ ဦးခေါင်းနဲ့တူသော ကျောက်တုံးကြီးထက်မှာ စေတီတော်တည်ထားသည်ကိုအစွဲပြုပြီး ခေါ်ဝေါ်ခဲ့ခြင်းဖြစ်ပါတယ်။ ဘီစီ ၅၈၃ ခုနှစ်တွင် တိဿရသေ့ကြီးဟာ ဗုဒ္ဓမြတ်စွာဘုရားထံမှ ဆံတော်မြတ်နှစ်ဆူ လက်ခံရရှိခဲ့ပါတယ်။ အလားတူ ကေလာသရသေ့ကလည်း ဆံတော်မြတ်တစ်ဆူလက်ခံရရှိခဲ့ပါတယ်။ ဘီစီ ၅၇၅ ခုနှစ် (မဟာသက္ကရာဇ်- ၁၁၈ ခု)မှာ တိဿရသေ့ကြီးဟာ သက်တော်ကြီးလာပြီဖြစ်သဖြင့် သိကြားမင်းရဲ့ အကူအညီယူ၍ မိမိထံမှ ဆံတော်နှစ်ဆူ၊ ကေလာသရသေ့ထံမှ ဆံတော်တစ်ဆူ ပေါင်းဆံတော်သုံးဆူကို ဌာပနာကာ ကျိုက်ထီးရိုးစေတီကို တည်ထားကိုးကွယ်ခဲ့သည်မှအစပြုလို့ ယခုအချိန်အထိ ကျိုက်ထီးရိုး စေတီတော်ဟာ မြန်မာနိုင်ငံမှာ တန်ခိုးကြီးစေတီတစ်ဆူအဖြစ် လူသိများခဲ့ပါတယ်။

ဌာနဆိုင်ရာအကြီးအကဲရဲ့ ဝန်ထမ်းများအပေါ်ထားရှိတဲ့ စေတနာ၊ မေတ္တာနဲ့ စီစဉ်ပေးခဲ့တဲ့အတွက် ရောက်ရှိခဲ့ရသော ကျိုက်ထီးရိုးဘုရားဖူးခရီးစဉ်ကို ဝန်ထမ်းများနှင့် မိသားစုများ ဝမ်းသာပီတိဖြစ်ခဲ့ကြရပါတယ်။ ခရီးစဉ်သွားမည့်ညမှာပင် ဝန်ထမ်းများရဲ့ ဝမ်းသာကြည်နူးမှု၊ ပျော်ရွှင်မှု၊ တက်ကြွမှုတို့နဲ့အတူ လွတ်လပ်ပေါ့ပါးနေကြတာကို ကြည်နူးဖွယ်ရာ တွေ့မြင်ရပါတယ်။ ကျွန်မတို့ မီဒီယာဝန်ထမ်းများဟာ ၂၄ နာရီ အလုပ်ကျ နေ့မအား၊ ညမနား အလုပ်ကျနဲ့ နိုင်ငံတော်ရဲ့ အရေးကြီးတဲ့လုပ်ငန်းတွေကို တစ်ထောင့်တစ်နေရာကနေပြီး ထမ်းရွက်နေကြရသူတွေဖြစ်ပါတယ်။ နေ့စဉ်ဆောင်ရွက်နေကြရတဲ့လုပ်ငန်းတွေကို အမှားအယွင်းကင်းရန် မိမိကျရာကဏ္ဍကနေပြီး ဆောင်ရွက်နေကြရပါတယ်။ တစ်ညတာ အိပ်စက်အနားယူချိန်မှာ စိုးရိမ်ပူပန်သောကများစွာ၊ အတွေးပေါင်းများစွာနဲ့ အိပ်စက်ခဲ့ကြရသူများဖြစ်ပါတယ်။ မိမိတာဝန် မိမိကျေပွန်စွာဆောင်ရွက်ခဲ့ကြသော်လည်း သတင်းစာလုပ်ငန်းဆောင်ရွက်နေသူအားလုံးရဲ့ ခံစားရသော စိုးရိမ်မှုဝေဒနာပဲဖြစ်ပါတယ်။

ယခုကဲ့သို့ ခဏတာအချိန်အတွင်း လုပ်ငန်းတာဝန်များမရှိဘဲ ထွက်ခဲ့ရတဲ့ ဘုရားဖူးလေ့လာရေးခရီးစဉ်ဟာ ဝန်ထမ်းအားလုံးအတွက် လွတ်လပ်ပေါ့ပါးမှုကို ဖြစ်စေခဲ့ပါတယ်။ ကျွန်မတို့အဖွဲ့ဟာ ဖေဖော်ဝါရီ ၁၈ ရက် (စနေနေ့) နံနက် ၁ နာရီမှာ နေပြည်တော်မှ စတင်ထွက်ခွာလာခဲ့ကြရာ နံနက် ၈ နာရီမှာ ကင်ပွန်းစခန်းသို့ ရောက်ရှိခဲ့ကြပါတယ်။ ကင်ပွန်းစခန်းမှ ကြိုတင်စီစဉ်ထားတဲ့ တောင်တက်ကားတွေနဲ့ တက်ခဲ့ကြရာ ရင်ပြင်တော်သို့ နံနက် ၉ နာရီမှာ ရောက်ခဲ့ကြပါတယ်။

ကားလမ်းမဖောက်လုပ်ခင်က တစ်ကြိမ်ရောက်ဖူးခဲ့ပြီး ကင်ပွန်းစခန်းမှ နံနက် ၈ နာရီမှာ ခြေလျင်တောင်တက်ခဲ့ရာ ဘုရားရင်ပြင်သို့ ညနေ ၃ နာရီမှ ရောက်ရှိခဲ့ပါတယ်။ တောင်တက်နှေးသူများအတွက် ညနေ ၅ နာရီမှ ရောက်ရှိကြပါတယ်။ ယခုအခါမှာတော့ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာတာကြောင့် ဘုရားဖူးခရီးသည်များအတွက် အချိန်တိုတိုနဲ့ ဘုရားရင်ပြင်သို့ ရောက်နိုင်ကြပါပြီ။ ကားလမ်းတစ်လျှောက် တောင်တက်၊ တောင်ဆင်း၊ အကွေ့အကောက်ပေါင်းများစွာကို ယာဉ်မောင်းသူတွေရဲ့ ကျွမ်းကျင်စွာ မောင်းနှင်ပေးနိုင်မှုကြောင့် ဘုရားဖူးခရီးသည်တွေ အန္တရာယ်ကင်းခဲ့ရပါတယ်။ တောင်တက်၊ တောင်ဆင်း၊ အကွေ့ အကောက်များတွင် "ဂီယာကြီးနှင့် မောင်းပါ၊ လမ်းကြမ်းသည်၊ အန္တရာယ်ရှိသည်" စသည်ဖြင့် သတိပေးစာတန်းတွေကိုတွေ့ခဲ့ရပါတယ်။ တောင်ပေါ်တက် ကားလမ်းကြီးဖြစ်မြောက်အောင် ဆောင်ရွက်ခဲ့ရသည်မှာ လွယ်ကူသောအလုပ်မဟုတ်ကြောင်း မျက်မြင်တွေ့ရှိခဲ့ရပါတယ်။ လမ်းကြီးပြီးမြောက်အောင် ဆောင်ရွက်ပေးခဲ့သူများ၊ လမ်းဖောက်လုပ်ပေးသော စေတနာရှင်လုပ်သားများ၊ ဒေသခံပြည်သူများအားလုံးကိုကျေးဇူးတင်ရပါတယ်။ ယခုကဲ့သို့ လမ်းကြီးဖြစ်ခဲ့လို့လည်း ယခင်ကမရောက်ရှိနိုင်ခဲ့တဲ့ သက်ကြီးရွယ်အိုတွေပါ ဘုရားဖူးခွင့်ရရှိနေကြပါပြီ။

ဘုရားရင်ပြင်နဲ့ ဈေးတန်းတစ်လျှောက်မှာတော့ ဒေသထွက်ကုန်များဖြစ်တဲ့ ဆေးဖက်ဝင်သစ်ဥ၊ သစ်မြစ်တွေ၊ ဆေးဖက်ဝင်ပစ္စည်းတွေအပြင် ကျိုက်ထီးရိုး အမှတ်တရပစ္စည်း၊ အင်္ကျီတို့ကိုလည်း ရောင်းချနေတာ တွေ့ရှိရပါတယ်။ ကြိုးကန်းပါးစပ်၊ မုဆိုးတောင်တို့မှာလည်း ဘုရားဖူးများ ကြိတ်ကြိတ်တိုးစည်ကားနေတာ တွေ့ရပါတယ်။

ညပိုင်းမှာ ဆီမီး(၁၀၀၀)ထွန်းညှိပူဇော်ပွဲကို ဆံတော်ရှင်ကျိုက်ထီးရိုး စေတီတော်မြတ်ကြီးရဲ့ အောက်ဘက်ပတ်လမ်း ရင်ပြင်တော်ပရိဝုဏ်မှာ စုပေါင်းပြုလုပ်ခဲ့ကြပါတယ်။ နှစ်စဉ်လည်း ယခုလိုခရီးမျိုးသွားပြီး ကုသိုလ်ပြုနိုင်ဖို့ ဆုတောင်းခဲ့ကြပါတယ်။ ယခုတော့ ကျွန်မတို့ဝန်ထမ်းများ တစ်နှစ်တာပတ်လုံး ပင်ပန်းမှုမှန်သမျှ ပြေပျောက်ခဲ့ကြရပြီး လုပ်ငန်းခွင်သို့ ရွှင်လန်းတက်ကြွစွာနဲ့ ဝင်ရောက်နေကြပါပြီ။ ခရီးသွားခြင်းရဲ့ရလဒ်တွေထဲက တစ်ခုကတော့ လုပ်ငန်းခွင်စွမ်းရည်များ ပိုမိုတိုးတက်လာခြင်းပဲ ဖြစ်ပါတော့တယ်။ ။

စီးပွားရေးဖွံ့ဖြိုးစေရေး အမြတ်ခွန်ဥပဒေများပြင်ဆင်ခြင်း၊ လုပ်ထုံးလုပ်နည်းများလျှော့ချခြင်း ဆောင်ရွက်ပေးလျက်ရှိ နိုင်ငံအတွင်း အဘက်ဘက်က ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နိုင်မှသာ အခြားနိုင်ငံများကို အမီလိုက်နိုင်မည်

မိမိဒေသဖွံ့ဖြိုးတိုးတက်စေရေး စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများတွင် ပိုမိုရင်းနှီးမြှုပ်နှံ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ရှမ်းပြည်နယ် လားရှိုးမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့သည် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းတွင် လားရှိုးမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ နံနက် ၉ နာရီတွင် ကျောက်မဲမြို့သို့ ရောက်ရှိကြသည်။

ဒုတိယသမ္မတ၊ ဇနီးနှင့် အဖွဲ့ဝင်များအား ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တိုင်းရင်းသားများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယသမ္မတသည် ကျောက်မဲမြို့ မြို့ကျက်သရေဆောင်ခန်းမ၌ ကျင်းပသော ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများ၊ ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများ၊ ကုန်သည်လုပ်ငန်းရှင်တစ်ဦးနှင့် ပလောင်တိုင်းရင်းသားတစ်ဦးတို့က ဒေသ၏ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး၊ ဦးအုန်းမြင့်၊ ဦးခင်ရီနှင့် ဒေါက်တာမြအေး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ဒုတိယဝန်ကြီး ဦးခင်ဇော်နှင့် ဦးအောင်သန်းဦးတို့က သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ လုပ်ငန်းဆောင်ရွက်မှုနှင့် ဒေသခံများ၏ တင်ပြချက်အပေါ် သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ ဒုတိယသမ္မတကိုယ်စား ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ကျေးရွာအုပ်စုများအတွက် ဆိုလာမီးအိမ်အလုံး (၃၀)ကို နမူနာအဖြစ် ပေးအပ်လှူဒါန်းရာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက လက်ခံကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လားရှိုးမြို့နယ် ဆုံကွယ်ကျေးရွာ တောင်သူ ဦးထွန်းလူ၏ အထူးအထွက်တိုး နွေစပါး တစ်ဧက တင်း(၂၀၀) စံပြကွက်၌ တောင်သူများ မြေသြဇာကြဲပက်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ဖောင်ပိတ်အားကစား

➤ မြင့်မောင်စိုး - ရေးသားသည် ≺

ချယ်လ်ဆီးတို့ အိမ်ကွင်း၌ ဘော်လ်တန်ကို ဂိုးပြတ်နိုင်

လန်ဒန် ဖေဖော်ဝါရီ ၂၅

ပရီမီယာလိဂ်ပွဲစဉ် (၂၆)ဘောလုံးပြိုင်ပွဲများကို ဖေဖော်ဝါရီ ၂၅ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားကြရာ ချယ်လ်ဆီးက ဘော်လ်တန်အသင်းကို သုံးဂိုးပြတ်ဖြင့်နိုင်ပြီး ထိုက်ထိုက်တန်တန် ရမှတ်သုံးမှတ်ရယူနိုင်ခဲ့သည်။

အိမ်ရှင်ချယ်လ်ဆီးတို့ ပထမပိုင်းတွင် အကြိတ်အနယ် ထိုးဖောက်ကစားခဲ့သော်လည်း ဂိုးမရခဲ့ပေ။ လမ်းပတ်နှင့် ဒရော့ဘာတို့ ပထမပိုင်းတွင် အပိုင်ကန်သွင်းခွင့်များ ရခဲ့သော်လည်း အခွင့်အရေးကို အသုံးမချနိုင်ခဲ့သဖြင့် ဂိုးမရဖြစ်ခဲ့ရသည်။

စာမျက်နှာ ၆ ကော်လံ ၁ ▲

တိုက်စစ်မှူး ဒရော့ဘာ ခေါင်းတိုက်ဂိုး သွင်းယူစဉ်။

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

မိုင်းခတ်မြို့နယ်၌ ဝမ်ခုတ်ကျေးရွာစာကြည့်တိုက်ဖွင့် — စာ-၂

ခြေလက်များ အစားထိုးမှု တူရကီ၌ အောင်မြင် — စာ-၄

အမေရိကန် အက်ဖ်-၃၅ ဂျက်တိုက်လေယာဉ်များ ဂျပန်နိုင်ငံကဝယ်ယူရေးဆွေးနွေး — စာ-၆

ဆူနာမီဘေးမှရှောင်တိမ်းရန် ဂျပန်၌ အသက်ကယ်လှေများ တည်ဆောက်မည် — စာ-၇

နိုင်ငံတကာအနုပညာ

မောင်မောင်မြင့်ဆွေ-ရေးသားသည်

(၈၄)ကြိမ်မြောက် အော်စကာဆုပေးပွဲတက်ရောက်မည့် ကမ္ဘာကျော်ရုပ်ရှင်မင်းသား၊ မင်းသမီးများပြောစကား

ရုပ်ရှင်မင်းသမီး ဂျင်နီဖာလိုပက်ဇ်

ရုပ်ရှင်မင်းသား တွမ်ခရုစ်

ရုပ်ရှင်မင်းသမီး ကိတ်ဝင်းစလက်

လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၂၅

(၈၄)ကြိမ်မြောက် ရုပ်ရှင်အော်စကာဆု ရွေးချယ်ချီးမြှင့်ပွဲကို အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့ရှိ ကိုဒတ်ကဇာတ်ရုံ၌ ဖေဖော်ဝါရီ ၂၆ ရက် **(ယနေ့)**တွင် ကျင်းပတော့မည်ဖြစ်သည်။ ကမ္ဘာတစ်ဝန်းမှ ပရိသတ်သန်းပေါင်းများစွာတို့က ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပြသမှုကို စိတ်ဝင်စားစွာ စောင့်ကြည့်ကြမည်ဖြစ်သည်။

အဆိုပါ ရုပ်ရှင်အော်စကာဆု ရွေးချယ်ချီးမြှင့်ပွဲသို့ တက်ရောက်ကြမည့် ကမ္ဘာကျော်ရုပ်ရှင်မင်းသား၊ မင်းသမီးများ၏ ပွဲအကြိုစကားသံများကို အေဘီစီရုပ်မြင်သံကြားလိုင်းမှ သတင်းထောက်၏ မေးမြန်းချက်များအပေါ် ၎င်းတို့၏ပြန်လည်ဖြေကြားမှုများမှတစ်ဆင့် ဖော်ပြရပါလျှင် -

ရုပ်ရှင်မင်းသား တွမ်ခရုစ်

(၈၄)ကြိမ်မြောက် ရုပ်ရှင်အော်စကာဆု ရွေးချယ်ချီးမြှင့်ပွဲအတွက် အစီအစဉ်တင်ဆက်သူအဖြစ် ဆောင်ရွက်ပေးဖို့ ဘရင်းဂရာဇာနဲ့ ဒွန်မစ်ချာကုမ္ပဏီတွေက ကမ်းလှမ်းခဲ့ပါသေးတယ်။ အဲဒီကုမ္ပဏီတွေက ဒီပွဲအတွက် တာဝန်ယူထားကြတဲ့ ကုမ္ပဏီတွေဖြစ်ပါတယ်။ အခုတော့ အစီအစဉ်တင်ဆက်သူတွေ ရရှိသွားပြီဖြစ်လို့ ကျွန်တော်မလုပ်ပေးရတော့ပါဘူး။ အော်စကာဆုအတွက် ပဏာမအမည်စာရင်း သုံးကြိမ်ရွေးချယ်ခံခဲ့ရပေမယ့် အခုထိ ဆုတော့မရရှိသေးပါဘူး။ အခု One Shot ဇာတ်ကား ရိုက်ကူးနေပါတယ်။ ဒီဇာတ်ကားမှာ ကိုယ်တိုင်သရုပ်ဆောင်နဲ့ ကိုယ်တိုင်ထုတ်လုပ်သူအဖြစ် လုပ်ဆောင်နေခြင်းဖြစ်ပါတယ်။ ***စာမျက်နှာ ၆ ကော်လံ ၄*** ✳

စည်းကမ်းမဲ့ အမှိုက်ပစ်သူများ ဧပြီလတွင် ဒဏ်ကြေးစမည်

➤ ခင်ရတနာ - ရေးသားသည် ≺

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း မြို့နယ် ၃၂ မြို့နယ်တွင် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်သူများအား လာမည့် ဧပြီလမှ စတင်ကာ ဒဏ်ငွေပေးဆောင်ရမည့် အစီအစဉ်များ ချမှတ်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ သိရှိရသည်။

“အခုအချိန်မှာတော့ ဌာနအတွင်းက တာဝန်ရှိသူတွေနဲ့ အခြားအဖွဲ့တွေက ကွင်းဆင်းပြီး လိုက်လံစစ်ဆေးနေပါတယ်။ တိုင်ကြားမှုတွေကိုလည်း လိုက်လံဖော်ထုတ်ဆောင်ရွက်လျက်ရှိပါတယ်။ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှု၊ ကွမ်းတံတွေးထွေးမှုနဲ့ အညစ်အကြေးစွန့်ပစ်မှုတွေကို ကင်မရာတွေနဲ့ မှတ်တမ်းတင်ထားပြီး ပညာပေးကာလအဖြစ်ဆောင်ရွက်ခြင်း၊ သတိပေးခြင်းများပြုလုပ်မှာဖြစ်ပြီး လာမည့် ဧပြီလကစပြီး အထောက်အထားခိုင်လုံရင် ဒဏ်ငွေကျပ်တစ်သောင်း ဒဏ်ရိုက်မယ့် အစီအစဉ်တွေ ပြုလုပ်သွားပါမယ်။ ဒါ့မှလည်း စည်းကမ်းမဲ့အမှိုက်ပစ်သူတွေ ထိန်းသိမ်းမှု လုပ်လာပါလိမ့်မယ်”ဟု ဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောပြသည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးအနေနှင့် မြို့တော်သန့်ရှင်းသပ်ရပ်လှပစေရေးအတွက် အမှိုက်ပုံးများကို လူစည်ကားရာနေရာတိုင်းတွင် စီစဉ်ပေးထားခြင်း၊ အများသုံးသန့်စင်ခန်းများ တိုးချဲ့တည်ဆောက်ခြင်းအပြင် သန့်ရှင်းရေးဝန်ထမ်းအင်အားကိုလည်း ဖြည့်တင်းကာ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

26-2 (20).pmd 1 2/26/2012, 3:36 AM